မြန်မာ့အလင်း

၁၂၇၇ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်)

အသိပညာရှင်များ အနာဂတ်နိုင်ငံတော်အတွက် ပံ့ဖော်တည်ဆောက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပေါကြွယ်ဝလှသည့် သဘာဝသယံဇာတများ၊ စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအပြင် ဂုဏ်ယူဖွယ်ရာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုပါ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် သမိုင်းအစဉ်အဆက် နေထိုင်ထိန်းသိမ်းထားနိုင်သကဲ့သို့ ကိုလိုနီလက်အောက် ကျရောက်ခဲ့စဉ်ကလည်း အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို စဉ်ဆက်မပြတ်ဆင်နွှဲခဲ့ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အဓိကကျပေရာ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာရေး မျှော်မှန်းပြီး ပညာရေးဆိုင်ရာ အခြေခံကောင်းများကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်၏ ကြွယ်ဝလှသော သယံဇာတအရင်းအမြစ်များကို အတတ်ပညာရှင်များက အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်ပိုင်နည်းပညာစွမ်းပကားဖြင့် ဖော်ထုတ်အသုံးချနိုင်ရန် ကြိုးပမ်းစွမ်းဆောင်ကြရမှာဖြစ်သကဲ့သို့ အသိပညာရှင်များအပိုင်းကလည်း တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သုတေသနပြု ဖော်ထုတ်မှတ်တမ်းတင် ထားကြရမည်ဖြစ်သည်။

အသိပညာရှင်များသည် အနာဂတ်နိုင်ငံတော်အတွက် ပံ့ဖော်တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုးအတွက် ကျရာအခန်းကဏ္ဍအသီးသီးက ဦးထမ်းပဲ့ရွက် ကြိုးပမ်းကြမှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဖေဖော်ဝါရီ ၉ရက် နံနက် ၁၁နာရီက တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာ ဇလုံးကွင်းတောင်သူ ဦးမောင်ဝင်း၏ လယ်မြေ၌ ကျင်းပသည့် ရေကျနောက်စိုက်စပါးခင်းများအား စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးနှင့် ပခုံးထမ်းကောက်ရိတ်စက်ငယ်များ အသုံးပြု၍ ရိတ်သိမ်းခြွေလှေ့မှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အရှေ့မော်တုန်းမြစ်ရေတင်လုပ်ငန်း၊ အရှေ့မော်တုန်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာန၊ အရှေ့မော်တုန်း–ဇလုံးကျေးရွာချင်းဆက် လမ်းပိုင်းနှင့် မြိတ်–တနင်္သာရီလမ်းပိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၁၉-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀	၇။	အေးမြသော လေညင်းကလေးများ
၄း၄၀	၈။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဘောဂဗေဒ)
၅း၁၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း–၂၃)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း–၂၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	ကုန်သွယ်သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း–၂၁)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကလောနှင့် ဆီဆိုင်မြို့နယ်ရှိ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းက ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများကို ဆွေးနွေးမှာကြားပြီး ကျေးရွာမူလတန်းကျောင်းနှင့် ဆေးပေးခန်းအတွက် အလှူငွေ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် နောင်လုံသရက်စိုက်ခင်းသို့ရောက်ရှိပြီး နှစ်ရှည်နှင့်ရာသီသီးနှံ တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။ ထို့နောက် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ရွာ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာအထက်တန်းကျောင်းနှင့် ကျေးလက်ဆေးပေးခန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ တောင်သူဦးထွန်းစိန်၏ နာနတ်နှင့်နဂါးမောက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ရက်တွင် ကလောမြို့နယ် လွယ်ဖောကျေးရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာမူလတန်းကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့–နံနက်+နေ့လယ်+ည)

(၂၀-၂-၂၀၀၉)

၀၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
၀၇း၀၅	တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇း၂၀	(၃၈)ဖြာမင်္ဂလာ
၀၇း၃၅	နံနက်ခင်းတေးပဒေသာ
၀၈း၀၀	စံတော်ချိန် + သတင်း
၀၈း၁၀	နံနက်ခင်းတေးပဒေသာ
၀၈း၃၀	ပြောပါရစေရှင် (တယ်လီဖုန်းကိုပြုံးပြီးပြောပါ)
၀၈း၄၅	တေးပဒေသာ
၀၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၃၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံခေတ် အလှူမှတ်တမ်းသုံးခု)
၁၂း၃၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	နေ့လယ်ခင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး (လူနဲ့လောကစံ)
၁၆း၃၀	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ)
၁၇း၀၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၂၅	တေးပဒေသာ
၁၇း၃၀	သတင်းစာဆောင်းပါး
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ငပလီအိပ်မက်) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဂီတပညာရှင် အကယ်ဒမီ စန္ဒရားလှထွဋ်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး–သန်းကြွယ်သူဌေးကြီး Donaltrump ၏ အောင်မြင်မှုကို ရနိုင်သော နည်းလမ်းများ လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၂း၀၀	အစီအစဉ်ပြီး၏။

ပြည်ထောင်စုနေ့အခမ်းအနား ပေါက်ခေါင်း၌ ကျင်းပ

ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ပေါက်ခေါင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုအခမ်းအနားကို ကျင်းပပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က ဖတ်ကြားသည်။

ဆက်လက်၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ထွေ/အုပ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈ –၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆု ပေးပွဲနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်က တတိယတန်း(က) မှ တတိယဆုနှင့် လူမှုရေးထူးချွန်ဆုရ မောင်အာကာမင်းဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)



ဒေသခံပြည်သူများအား အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်တွေမြို့နယ် ကြို့တဲကျေးရွာ၌ ကြို့တဲ၊ ကျောက်တန်းကြီး၊ အမြင့်ကျွန်း၊ ချီလည်ပင်း၊ ပါဒလိပ်နှင့် ငတောက်တက်ကျေးရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေ
ဒေသခံပြည်သူများအနေဖြင့် စာပေဗဟုသုတများ အစဉ်ဖတ်မှတ်လေ့လာ
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကြိုးပမ်း
မူဝါဒလုပ်ငန်းစဉ်(၇)ရပ်အောင်မြင်ရေး လုပ်ငန်းစဉ်များတွင်တက်ကြွစွာပါဝင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊လူသုံးကုန်ပစ္စည်းများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၅ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြို့တဲ၊ ကျောက်တန်းကြီး၊ အမြင့်ကျွန်း၊ ချီလည်ပင်း၊ ပါဒလိပ်နှင့် ငတောက်တက်ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူ ၁၄၀၀ကျော် တက်ရောက်ကြသည်။

ပန္နက်စိုက်ထူ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ ရှေးဦးစွာ ဒေသခံကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဝန်ကြီးသည် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကြို့တဲကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လှူဒါန်းသော ငွေကျပ် သိန်း၃၀ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင်ဝန်ကြီးသည် အမြင့်ကျွန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် လေးသိန်း၊ ကျောက်တန်းကြီး ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ် လေးသိန်း၊ ချီလည်ပင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ် လေးသိန်း၊ ပါဒလိပ်ကျေးရွာ စာသင်ကျောင်းဆောင်နှင့် ဆေးပေးခန်း အဆောက်အအုံအတွက် ငွေကျပ်လေးသိန်း၊ ငတောက်တက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ် လေးသိန်း စုစုပေါင်း ငွေကျပ် သိန်း၂၀နှင့် ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြို့တဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် လှူဒါန်းသော ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံလှူဒါန်းပွဲ အပြီးတွင် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကွန်းတောင်၊ စပါးထား၊ အိုင်ဒင်၊ ကျွဲထိုး၊ ငှက်ကြီးကျွန်း၊ တန်းခိုး၊ ပဒေသာ၊ တဘက်လှန်း၊ ယာချောင်း၊ အထုပ်သည်၊ ကျော်ဇံနှင့် ရေပေါက်ချောင်းကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၁၃၀၀ ကျော်တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေသခံ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကွန်းတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးက စပါးထားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်သုံးသိန်း၊ အိုင်ဒင်ကျေးရွာအုပ်စု ညောင်ပင်ရင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အတွက် ငွေကျပ်သုံးသိန်း၊ ပဒေသာကျေးရွာအုပ်စု ဆင်အင်းကြီးကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သုံးသိန်း၊ တန်းခိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်သုံးသိန်း၊ တဘက်လှန်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သုံးသိန်း၊ အထုပ်သည်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၁၈သိန်းကို လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးစိုးလွင်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကွန်းတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံ လှူဒါန်းပွဲအပြီးတွင် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စိတ်ကြိုက်ရွေးချယ်

တွေ့ဆုံပွဲများ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေး ဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွင် စက်ရုံအသစ် တည်ဆောက်ခြင်း၊ လွှင့်အားမြှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတ၊ ရသရုပ်မြင်သံကြားလိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက် ရွေးချယ်ကြည့်ရှုနိုင်ရန် လည်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးအကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း သတင်းနှင့်ဖျော်ဖြေရေးကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယို စနစ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ဒေသခံပြည်သူများက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် တင်ပြဆောင်ရွက်လျက် ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိအနေဖြင့် လိုအပ်သလိုပေါင်းစပ်ဖြည့်ဆည်း တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့ တိုင်းရင်းသား အားလုံး၏ ဗီဇကိုယ်ရည်ကိုယ်သွေးသည် မညံ့ကြောင်း၊ အခြားသော လူမျိုးများနှင့်ယှဉ်နိုင်ကြောင်း၊ သို့သော် ထိုကိုယ်ရည်ကိုယ်သွေး အစွမ်းကုန်ပွင့်ထွန်းလာအောင် အစာကျွေးရမည်ဖြစ်ကြောင်း၊ ထိုအစာမှာ စာဖတ်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာပေဗဟုသုတများ အစဉ် ဖတ်မှတ်လေ့လာရင်း မိမိတို့၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တက်တက်ကြွကြွ

ထို့အပြင် ပြည်သူများအနေဖြင့် အမျိုးသား အကျိုးစီးပွားဘက်က အစဉ်ရပ်တည်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်၊ စပါးထား၊ အိုင်ဒင်၊ ကျွဲထိုး၊ ငှက်ကြီးကျွန်း၊ တန်းခိုး၊ ပဒေသာ၊ တဘက်လှန်း၊ ယာချောင်း၊ အထုပ်သည်၊ ကျော်ဇံနှင့် ရေပေါက်ချောင်းကျေးရွာ ၁၂ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။
(သတင်းစဉ်)

မော်ဘီနည်းပညာတက္ကသိုလ်ရှိကျောင်းသားများအား
ယာဉ်နှင့်လမ်းစည်းကမ်းအသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးချစ်၊ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေနှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရုံး ဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်တို့သည် ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၁နာရီက ရွှေပြည်သာမြို့နယ် နည်းပညာတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ အသိပညာပေးဟောပြောပို့ချခဲ့ရာ ပါမောက္ခချုပ် ဒေါ်နီလာသင်းနှင့် ဆရာ ဆရာမများတက်ရောက်ကြသည်။ **(အပေါ်ပုံ)** **(ယာဉ်ထိန်းတပ်ဖွဲ့)**

အမေရိကန်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ လူ့အခွင့်အရေး လေးစားမှုကို ထိခိုက်ပျက်စီး

ဂျီနီဗာ ဖေဖော်ဝါရီ ၁၈

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တို့ အစပျိုးလိုက်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဟုခေါ်တွင်သည့် လုပ်ရပ်ကြောင့် ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေးဆိုင်ရာ လေးစားမှုကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်ပြားသွားစေသည်ဟု ဖေဖော်ဝါရီ ၁၆ရက်က ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

အစီရင်ခံစာကို တောင်အာဖရိကနိုင်ငံ နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ် အာသာချက်စကာဆန် ဦးဆောင်သော ထင်ရှားသည့် ဥပဒေပညာရှင်များအဖွဲ့က ထုတ်ပြန်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပသည့် မော်တော်ကားပြပွဲ၏ ပြခန်းတစ်နေရာကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သုံးနှစ်ကြာ စုံစမ်း

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများ၏ အခြေခိုင်နေသောမူများနှင့် မကိုက်ညီသည့် တန်ပြန်အကြမ်းဖက်မှု အစီအစဉ်များကို အမေရိကန်နိုင်ငံက ချမှတ်ကျင့်သုံးခဲ့သည်ဟုလည်း သုံးနှစ်ကြာ စုံစမ်းပြီး ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

ဖော်ပြထား

ညှင်းပန်းနှိပ်စက်မှု၊ လူအစဖျောက်မှု၊ လျှို့ဝှက်အကျဉ်းချထားမှုနှင့်တကွ မတရားစီရင်ချက်ချမှုကဲ့သို့သော နာမည်ဆိုးဖြင့် ကျော်ကြားသည့် တန်ပြန်အကြမ်းဖက်မှု အစီအစဉ်များ၏ နောက်ဆက်တွဲဖြစ်ရပ်များကိုလည်း အစီရင်ခံစာက ဖော်ပြထားသည်။

အတုမြင်အတတ်သင်

အမေရိကန်တို့ ချမှတ်ကျင့်သုံးခဲ့သည့် တန်ပြန်အကြမ်းဖက်မှုဆိုင်ရာ တရားလွန်လုပ်ရပ်များက အခြားသောနိုင်ငံများအပေါ် ဩဇာသက်ရောက်ပြီး အတုမြင်အတတ်သင်လာနိုင်သည်ကိုလည်း အစီရင်ခံစာက သတိပေးလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်၏ပြည်တွင်းဖြစ်သုံးစွဲရေးအပိုဒ် ဘရာဇီးနိုင်ငံက ဝေဖန်ထောက်ပြ

ဘရာဆီးလီးယား ဖေဖော်ဝါရီ ၁၈

မကြာမီက အတည်ပြုလိုက်သည့် အမေရိကန်စီးပွားရေး နိုးထရေးအစီအစဉ်မှ ပြည်တွင်းဖြစ်သုံးစွဲရေးအပိုဒ်၏ တရားဝင်မှုကို ဘရာဇီးနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)တွင် ဝေဖန်ပြောကြားမည်ဟု ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး အမိုရင်က ဖေဖော်ဝါရီ ၁၇ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အတည်ပြု

အမေရိကန်နိုင်ငံ၏ စီးပွားရေး နိုးထစေရန် အမေရိကန်ဒေါ်လာ ၇၈၇ ဘီလီယံ သုံးစွဲရေး အစီအစဉ်ကို အမေရိကန် ကွန်ဂရက်က ဖေဖော်ဝါရီ ၁၆ရက်တွင် အတည်ပြုသည်။

ဝေဖန်ထောက်ပြ

အဆိုပါ စီးပွားရေး နိုးထရေးအစီအစဉ်၌ သံနှင့်သံမဏိအပါအဝင် ပြည်တွင်းဖြစ်ပစ္စည်းများကိုသာသုံးစွဲရေး အပိုဒ်တစ်ပိုဒ်ပါသည်။ အမေရိကန်တို့၏ ထိုအစီအစဉ်မှာ မိမိအကျိုးရှေးရှုနေခြင်းဆိုသလို ဖြစ်နေသည်ဟု ဝန်ကြီးအမိုရင်က ဝေဖန်ထောက်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဒုံးပျံတီထွင်ထုတ်လုပ်မှု

ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ နည်းပညာသိပ္ပံဆိုင်ရာ စက်ရုံ၌ နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် ဒုံးပျံတီထွင်ထုတ်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်နှင့်ပြင်သစ် ရေငုပ်သင်္ဘောများ အတ္တလန္တိတ်ဒေသ၌ တိုက်မိ

လန်ဒန် ဖေဖော်ဝါရီ ၁၈

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း သီးခြားစီ စစ်ဆင်ရေးလေ့ကျင့်စဉ် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ နျူကလီးယားရေငုပ်သင်္ဘောနှစ်စင်းတိုက်မိသည်ဟု သတင်းစာများတွင် ဖေဖော်ဝါရီ ၁၇ရက်က ဖော်ပြသည်။

ထိခိုက်ပျက်စီး

ယခုလ အစောပိုင်းက အတ္တလန္တိတ်သမုဒ္ဒရာရေအောက်တွင် နှစ်နိုင်ငံ ရေငုပ်သင်္ဘောနှစ်စင်းတိုက်မိသဖြင့် ဆိုးရွားစွာ ထိခိုက်ပျက်စီးသွားသည်ဟု ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက ဖော်ပြသည်။

ယင်းသို့ တိုက်မိရာတွင် လူအသေအပျောက်၊ လက်နက် အပျက်အစီးမရှိကြောင်း ဒေးလီးမိုင်ရာက ထည့်သွင်းဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန်လူမျိုးစုဒေသ ဒုံးကျည်ဖြင့်ပစ်ခတ်မှု လူ၃၀သေဆုံးကြောင်း ကြေညာချက်ထုတ်ပြန်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်လူမျိုးစုများဒေသရှိ တာလီဘန်စစ်သွေးကြွများ၏ လေ့ကျင့်ရေးစခန်းတစ်ခုကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဖေဖော်ဝါရီ ၁၆ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လူ ၃၀ခန့် သေဆုံးကြောင်း အင်န်အင်န်အိုင်သတင်းဌာနက ကြေညာသည်။

ပိုင်ဆိုင်

အာဖဂန်နှင့် ပါကစ္စတန်တာလီဘန်များနေထိုင်သည့် အိုရာဇိုင်းလူမျိုးစုဌာနမှ ယင်းလေ့ကျင့်ရေးစခန်းကို ဒုံးကျည်ဖြင့် လေးကြိမ်ပစ်သည်ဟု ဆိုသည်။ ထိုစခန်းကို အာဖဂန်တပ်မှူးဘီရမ်ခန် ပိုင်ဆိုင်သည်ဟု ဆိုသည်။

မသင်္ကာဖွယ်နေရာ

အိုရာဇိုင်းလူမျိုးစုများဌာနအတွင်း တာလီဘန်စစ်သွေးကြွများ ခိုအောင်းရာ မသင်္ကာဖွယ်နေရာကို မောင်းသူမဲ့လေယာဉ်က ပထမဆုံးဒုံးကျည်များဖြင့် ယခုကဲ့သို့ ပစ်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၁၄၅ ဦး ရှိသွားပြီ

လန်ဒန် ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်အတွင်း ကင်းလှည့်နေစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံလိုက်ရကြောင်းဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၇ရက်တွင် ပြောကြားသည်။

သေဆုံး

ဟယ်လ်မန့်ပြည်နယ်၏ အဓိကမြို့ လက်ရှကာဂါးအနီးတွင်ဗြိတိသျှနှင့်အာဖဂန်တပ်ဖွဲ့ဝင်များ ခြေလျင်ပူးတွဲကင်းလှည့်စဉ် ဗြိတိန်အမှတ် (၁) ရိုင်ဖယ်တပ်ရင်းမှ အဆိုပါဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ကြေညာခြင်းမရှိ

မည်သည့်အချိန်က သူပုန်တို့ဘက်မှ ပစ်ခတ်တိုက်ခိုက်သဖြင့် ယင်းသို့သေဆုံးရခြင်းဖြစ်သည်ကိုမူ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော် ကြေညာခြင်းမရှိခဲ့ချေ။

ကျူးကျော်ဝင်ရောက်

၂၀၀၁ခုနှစ်ကုန်ပိုင်းတွင် အမေရိကန်တပ်များ ဦးဆောင်ပြီး အာဖဂန်နစ္စတန်နိုင်ငံကို နိုင်ငံတကာတပ်ဖွဲ့ဝင်များကျူးကျော်ပြီးနောက်ပိုင်း အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၁၄၅ဦး ရှိသွားပြီဖြစ်သည်။

အများဆုံးချထား

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၀၀၀ ခန့် တပ်ဖြန့်ချထားရာ အဓိကအားဖြင့် ပူပြင်းခြောက်သွေ့ပြီး ဝေးလံသီခေါင်ကာ တာလီဘန် လက်နက်ကိုင်များ လွှမ်းမိုးကြီးစိုးရာဒေသဖြစ်သော တောင်ပိုင်းပြည်နယ် ဟယ်လ်မန့်၌ အများဆုံးချထားသည်။

အမ်အင်န်အေ၊ရိုက်တာ

နှင်းမုန်တိုင်း တိုက်ခတ်

ဂျာမနီနိုင်ငံ တောင်ပိုင်း လန်ဒစ်ဘက်ကျေးရွာ အနီး၌ နှင်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားနေသည်ကို ဖေဖော်ဝါရီ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်တစ်ဝန်းရှိ ပြည်နယ်ရှစ်ခု၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန္နိုင်း ဖေဖော်ဝါရီ ၁၈

ဗီယက်နမ်နိုင်ငံ မဲခေါင်ဒေသရှိ ဘက်လီယူပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးထပ်မံဖြစ်ပွားခဲ့ရာ ယင်းနိုင်ငံတစ်ဝန်းကို ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့သည့် ပြည်နယ်ရှစ်ခု ရှိသွားပြီဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန လက်အောက်ရှိ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုဦးစီးဌာနက ဖေဖော်ဝါရီ ၁၈ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

သတင်းထုတ်ပြန်

ဘက်လီယူပြည်နယ် မွေးမြူရေးခြံတစ်ခုတွင် တစ်လတာကာလအတွင်း ဘဲကောင်ရေ ၆၀၇ကောင်ကို ကြက်ငှက်တုပ်ကွေး ကူးစက်ခဲ့ကာ အကောင် ၃၀ သေဆုံးခဲ့ကြောင်း ယင်းဌာနက သတင်းထုတ်ပြန်သည်။

ဗိုင်းရပ်စ်ပိုးတွေ့ရှိ

စမ်းသပ်စစ်ဆေးမှုများအရ ယင်းသေဆုံးသောဘဲများတွင် H_5N_1 ဗိုင်းရပ်စ်ပိုးများကို တွေ့ရှိရကြောင်းလည်း ယင်းဌာနက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်
တောင်ကုတ်နှင့် သံတွဲမြို့နယ် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၁၅ရက်က ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကွေ့ချောင်းကျေးရွာ အုပ်စုသို့ ရောက်ရှိပြီး ပတ်ဝန်းကျင် ကျေးရွာခုနစ်ရွာတို့မှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် သံတွဲမြို့နယ် ကမ်းဒေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ပတ်ဝန်းကျင် ကျေးရွာငါးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများအား လည်းကောင်း၊ တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ၌ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများအားလည်းကောင်း တွေ့ဆုံပြီး ကိုင်းရှည်-နတ်မော် ချောင်းကူးတံတားကို ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ရက်က တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ကင်းတောင်ကျေးရွာ၌ ပတ်ဝန်းကျင်ကျေးရွာသုံးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ပန္နက်တင်

ထို့နောက် ဝန်ကြီးသည် တောင်ကုတ်မြို့နယ် ဆားပြင်စံပြ ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်ပေးကာ ဆားပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)
အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) (၁/၂၀၀၉)ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် အမှတ်(၂) ဓမ္မဒါနလမ်း မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၂)ဦးရန်ပိုင်စိုးက ဆောင်ရွက်ပြီး သဘာပတိဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးအတည်ပြု

အစည်းအဝေးတွင် မြို့နယ်ဂီတအစည်းအရုံးများတိုးချဲ့ဖွဲ့စည်းရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး လေဘေးရန်ပုံငွေများဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်သောင်ခုန် အခြေခံပညာမူလတန်းကျောင်းနှင့် အရှေ့ပိုင်းမြို့မအလယ်တန်း ကျောင်းများအား ပြုပြင်ဆောက်လုပ်လှူဒါန်းရေးကိစ္စများကို အမှုဆောင်များက တင်ပြ ဆွေးနွေး အတည်ပြုကြကြောင်း သိရသည်။ **(ဂီတအစည်းအရုံး)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်းပြုပြင်ထိန်းသိမ်းရေးနှင့်
လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းဖောက်လုပ်နေမှု
ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး မအူပင်ခရိုင် လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

မှာကြား

ရှင်းလင်းဆောင်၌ မအူပင်ခရိုင် အင်ဂျင်နီယာမှူးဦးသိန်းဦးက ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးအလေးထားဆောင်ရွက်သွားရေး၊ ရေလမ်းကြောင်း မှန်ကန်မှုအတွက် မပြတ်စောင့်ကြည့်ထိန်းသိမ်းရေးတို့ကို မှာကြားပြီး တံတားကြံ့ခိုင်မှုအခြေအနေနှင့် တံတားချဉ်းကပ်လမ်း ရေတိုက်စားမှု ထိန်းသိမ်းကာကွယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်များဖြင့် ပန်းတနော်-အိမ်မဲ-မြောင်းမြ လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် မြောင်းမြကြိုးတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို လည်းကောင်း၊ မြောင်းမြ-လပွတ္တာလမ်းပိုင်းရှိ ပင်လယ်လေးတံတားကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် (၁၆/၃)ရှိ နလင်ကျော်တံတား တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူး အဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတား တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း ဖောက်လုပ်ခြင်း လုပ်ငန်း မြေကြီးလုပ်ငန်းများပြီးစီးမှုနှင့် အသက်ကယ်တောင်ကုန်းငယ် (Hillock) များကို လိုအပ်သည့်နေရာများ၌ တည်ဆောက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း လုပ်ငန်းများ သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးစီးရေး၊ လမ်းအဖြစ်သာမက လမ်းကို ထူးကဲဒီရေကာလ ခိုလှုံရာအဖြစ် မျှော်မှန်းတည်ဆောက်ရေး၊ လက်ရှိဆောင်ရွက်နေသော လမ်းကို မြေကြီးတာပေါင်လုပ်ငန်းများ ဆောင်ရွက်ပြီးက စံချိန်စံညွှန်းမီ လမ်းအဖြစ် ဆက်လက်တည်ဆောက်ရေးတို့ကို မှာကြားပြီး ဇင်ရွဲရွာအနီး မိုင်တိုင်အမှတ်(၁၄/၆)ရှိ ရေရှော်ဝါကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော Cyclone Shelter နှင့် အသက်ကယ်တောင်ကုန်းငယ် တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း အစပိုင်း လပွတ္တာမြို့အနီး ဆားကျင်းချောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆားကျင်းချောင်းတံတား တည်ဆောက်ရေး အတွက် လိုအပ်သည်များကို မှာကြားသည်။

တာပေါင်လုပ်ငန်း

ယင်းနောက် ဝန်ကြီးသည် လပွတ္တာမြို့မှ လပွတ္တာလုပ်(တောင်)ရွာသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မိုင်တိုင် အမှတ်(၃/၀)မှ သက်ကယ်သောင်မြစ် မိုင်တိုင် (၅/၀)အထိ လမ်း တာပေါင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရေးနှင့်
ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်
တိုက်ကြီးမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူသည် တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ အတွင်းရေးမှူး ဒေါ်သီတာစမ်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁နာရီက သရက်ချောင်းကျေးရွာဒက္ခိဏာရုံ စာကြည့် တိုက် အဆောက်အအုံသစ် ဆောက်လုပ်နေရာ လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု သည်။ **(အပေါ်ပုံ)**

ရေရှည်တည်တံ့ခိုင်မြဲရေး

ထို့နောက် အဆိုပါ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များနှင့်တွေ့ဆုံကာ စာကြည့် တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တာခွကျေးရွာနှင့် ကျိုက်စကိုင်း ကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျားတက်ကျေးလက်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဈေးကော်မတီနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးရဲထွဋ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်အောင်မိုးနှင့် ကျားတက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်သည်။

သုံးသပ်ဆွေးနွေး

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၈ခုနှစ်အတွင်း အမျိုးသမီးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ခြုံငုံသုံးသပ် ဆွေးနွေးကြပြီး သဘာပတိက လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ဖြည့်စွက်မှာကြား

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့နာယကများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပေးအပ်

ထို့နောက် သဘာပတိက ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) ငွေကျပ် ၁၀သိန်းစီကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများထံ ပေးအပ်သည်။

အတည်ပြု

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးကချမှတ်သည့် ရှေ့လုပ်ငန်းစဉ်(၁၁)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် ဆုံးဖြတ်ချက်(၆)ရပ်တို့ကို နှစ်ပတ်လည် အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။ ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ်အမှာ စကားပြောကြားပြီး မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဗဟန်းမြို့နယ်ရုံး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉ နာရီက ငါးထပ်ကြီး တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အခမ်းအနားကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ငါးထပ်ကြီး တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရှင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ငါးထပ်ကြီး တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရှင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တအဂ္ဂဝံသ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ နာယကဆရာတော် သက်တော်(၇၄)နှစ် သိက္ခာတော်(၅၄)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသသည် ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော်၉ရက်၊ ယနေ့ (ဗုဒ္ဓဟူးနေ့) နံနက်၆နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေကူမြို့၌ ကျောက်ချောလမ်း ရေစက်ရုံနှင့် အုတ်ရေကန်သစ်ဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၁၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော အမှတ်(၁)ရပ်ကွက်(သရဖီ)ကျောက်ချောလမ်းသစ် ဖွင့်ပွဲနှင့် အမှတ်(၂)ရပ်ကွက် ရေစက်ရုံနှင့် အုတ်ရေကန်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီခွဲတွင် ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ကျောက်ချောလမ်း၊ စက်ရေတွင်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြကာ ရပ်မိရပ်ဖ ဦးထိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ကျောက်ချောလမ်း၊ စက်ရေတွင်းနှင့် အုတ်ရေကန်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အထိမ်းအမှတ်အလံများကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင်က အမှုဆောင်အရာရှိ ဦးခင်အောင်နီထံ ပေးအပ်သည်။ သရဖီ ကျောက်ချောလမ်းအကျယ်မှာ ၁၂ပေ၊ အရှည်ပေ ၁၆၅၀ရှိပြီး လမ်းကုန်ကျငွေမှာ ကျပ် ၇၂၆၀၀၀၀နှင့် ရေစက်ရုံနှင့် အုတ်ရေကန်သစ် ကုန်ကျငွေမှာ ကျပ် ၂၁၁၂၅၀၀ ကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁ရက်က သတင်းထောက် ဦးကျော်လှ၏ (၇၂) နှစ်မြောက်မွေးနေ့ အမှတ်တရကုသိုလ်အဖြစ် သမာဓိမိသားစုက တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်ရက်စာ ကျွေးမွေးလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးကိုကိုကြီး (Forever) က အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ဝ၅၂)

မြန်မာ့အလင်း သဘာဝဘေးအင်တာနက်ဖောင်ပိတ်သတင်း

ကနေဒါနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း နေအိမ်ရာပေါင်းများစွာ ရေနစ်မြုပ်

အွန်တာရီယို ဖေဖော်ဝါရီ ၁၈

ကနေဒါနိုင်ငံ အွန်တာရီယိုမြို့ အနောက်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၈ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း ကနေဒါမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မြစ်ရေလျှံ

၁၈နာရီခန့်ကြာ မရပ်မနား သည်းထန်စွာ မိုးရွာသွန်းခဲ့မှုကြောင့် မြစ်ရေများ လျှံတက်ခဲ့ပြီး နေအိမ်အများအပြား ရေလွှမ်းခြင်းခံခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်ရာပေါင်းများစွာ နစ်မြုပ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တူရကီနိုင်ငံ၌ ငလျင်လှုပ် တစ်ဦးသေဆုံး၊ အဆောက်အအုံများပျက်စီး

အင်ကာရာ ဖေဖော်ဝါရီ ၁၈

တူရကီနိုင်ငံ ကူတာယာပြည်နယ် စီမာ့ဗ်မြို့အနီးတွင် ဖေဖော်ဝါရီ ၁၈ရက် ဒေသစံတော်ချိန် နံနက် ၇နာရီ ၂၈မိနစ်က ရစ်ချ်တာစကေး အဆင့် ၅ ရှိသော မြေငလျင်လှုပ် သွားကြောင်း တူရကီအရာရှိများက ပြောကြားသည်။

ဒဏ်ရာရ

ငလျင်လှုပ်မှုကြောင့် စီမာ့ဗ်မြို့တွင် အဆောက်အအုံအချို့ ပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် နေအိမ်အချို့လည်း ပျက်စီးခဲ့ကြောင်း တူရကီအရာရှိများက ပြောကြားသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် ညအပူချိန် သုညဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်၌ ၃ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးတွင် သုညဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်၌ ၅ဒီဂရီစင်တီဂရိတ်ရှိသည်။

သာယာမည်

ဖေဖော်ဝါရီ ၁၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၉ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲနှင့် ယှဉ်ပြိုင်မည့် တွဲဆိုင်းများ မဲနှိုက်

အကြိုဗိုလ်လုပွဲ၌ တွေ့မရှောင်နှင့် ဝင်းထွန်း လုံးချောနှင့် စောငမန်းတို့ ထိပ်တိုက်တွေ့ကြ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(ဓနုဖြူ) ❖ စာမျက်နှာဖွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံဗျူရီကုမ္ပဏီလီမိတက်၏ အဓိကကူညီပံ့ပိုးမှု၊ မြန်မာမီဒီယာဂရု(ပ်)၏ အကြံဉာဏ်နှင့် ပူးပေါင်းစီစဉ်မှုများဖြင့် H&S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်ဗီဒီယို)က တာဝန်ယူစီစဉ်သည့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို လာမည့် ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၁ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည့်အကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယမန်နေ့ ညနေ ၅နာရီက ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ် တောင်ငူနှင့်ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဆန်း၊ ခုံဒိုင်ချုပ် ဆရာကြီး ဦးဒေါင်းနီ၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇင်ဦး၊ ဒဂုံဗျူရီမှ မန်နေဂျာ ဦးဇော်ဦးငြိမ်း၊ လက်ထောက်မန်နေဂျာ ဦးသာဖြိုးနှင့် တာဝန်ရှိသူများ၊ မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ၊ ဦးရဲသူရဝင်း၊ H&S Group မှ ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်ဗီဒီယို)နှင့် အဖွဲ့ဝင်များ ပြိုင်ပွဲကြီးတွင် အောင်လံဆုအတွက် ယှဉ်ပြိုင်ထိုးသတ်ကြမည့် လက်ဝှေ့ကျော်များ၊ ၎င်းတို့၏ နည်းပြဆရာများ၊ သတင်းနှင့် အားကစားဂျာနယ်အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကျင်းပမည်

အခမ်းအနားမှူးအဖြစ် မြန်မာမီဒီယာဂရု(ပ်) Phoenix ဂျာနယ်တာဝန်ခံ အယ်ဒီတာ ဦးကျော်သီဟ(ဟသ်ာတ)က ဆောင်ရွက်သည်။ အခမ်းအနားအစီအစဉ်အရ ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး ဦးသာဖြိုး၊ ဦးရဲသူရဝင်း၊ ဦးစိုင်းဇော်ဇော်တို့က မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် လက်ဝှေ့တွဲဆိုင်းများကို မဲနှိုက် ရွေးချယ်သည်။ ဒဂုံရွှေအောင်လံကို အလွတ်တန်း အောင်လံ၊ ပထမတန်းအောင်လံဟု ပွဲစဉ်နှစ်ရပ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အလွတ်တန်း

အလွတ်တန်း အောင်လံအတွက် လက်ဝှေ့သမားလေးဦးတို့ တွဲဆိုင်းနှစ်ဆိုင်းစီဖြင့် ဆီမီးအဆင့်မှ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၎င်းအဆင့်မှ ထွက်ခွာသွားရသူနှစ်ဦးက ငွေကျပ်ရှစ်သိန်းစီရရှိကြမည်ဖြစ်သည်။ ထိုအဆင့်တွင် အနိုင်ရရှိသူနှစ်ဦးက ဧပြီ ၄၊ ၅ ရက်တို့တွင် ကျင်းပမည့် အောင်လံလုပွဲတွင် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ၎င်းတွင်အောင်လံရရှိသူက ဆုကြေးငွေကျပ်သိန်း ၃၀ ရရှိမည်ဖြစ်ပြီး ရှုံးနိမ့်သူက ငွေကျပ်သိန်း၂၀ ရရှိမည်ဖြစ်သည်။

လေးဦး

ပထမတန်း အောင်လံအတွက်လည်း လက်ဝှေ့သမားလေးဦးတို့ အလွတ်တန်း အောင်လံကျင်းပပုံအတိုင်းပင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ဆီမီးအဆင့်မှ ထွက်ခွာရသူနှစ်ဦးက ငွေကျပ်ခုနစ်သိန်းစီရရှိမည်ဖြစ်ပြီး အောင်လံလုပွဲအဆင့်တွင် ရှုံးနိမ့်သူက ငွေကျပ် ၁၈ သိန်း၊ အောင်လံရရှိသူက ငွေကျပ် ၂၅သိန်း ရရှိမည်ဖြစ်သည်။

လုံးချောနှင့် စောငမန်း

အလွတ်တန်းအောင်လံ အကြိုဗိုလ်လုပွဲအဆင့်အတွက်မဲနှိုက်ရွေးချယ်ရာ လုံးချော(ညောင်တုန်း)နှင့် စောငမန်း(အဲဗားဂရင်း)၊ ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ကြရန် မဲကျသည်။ ပထမတန်း အောင်လံဆီမီးဖိုင်နယ်အဆင့်အတွက် မဲနှိုက်ရွေးချယ်ရာ တွေ့မရှောင်(KLN)နှင့် ဝင်းထွန်း(မြို့တော်စည်ပင်)၊ ထွန်းထွန်း(မြဝတီ)နှင့် စောဂပရေမှူး(တွံတေး)တို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်ထိုးသတ်

သို့ဖြစ်၍ ဆီမီးဖိုင်နယ်ပွဲစဉ် ပထမနေ့ ဖေဖော်ဝါရီ၂၈ရက် ပွဲစဉ်များအဖြစ် အလွတ်တန်း ဒဂုံရွှေအောင်လံအတွက် ရွှေဆိုင်းနှင့် ရန်ကြီးအောင်၊ ပထမတန်းဒဂုံ ရွှေအောင်လံအတွက် တွေ့မရှောင်နှင့် ဝင်းထွန်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး၊ ဒုတိယနေ့ မတ် ၁ရက်ပွဲစဉ်များအဖြစ် အလွတ်တန်း ဒဂုံရွှေအောင်လံအတွက် လုံးချောနှင့် စောငမန်း၊ ပထမတန်းဒဂုံ ရွှေအောင်လံအတွက် ထွန်းထွန်းနှင့် စောဂပရေမှူးတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အောင်လံလုပွဲ

အောင်လံလုပွဲကို ရိုးရာအောင်လံလုပွဲများတွင် အချိန် ကန့်သတ်မထားဘဲ သက်လုံရှုံးသည်အထိ ယှဉ်ပြိုင်စေခြင်းမျိုး ကဲ့သို့မဟုတ်ဘဲ ငါးချီအတွင်း အကွဲထိုး၊ အလဲထိုး အဖြေမပေါ်ပါက ခုံဒိုင်အဖွဲ့က အမှတ်စနစ်ဖြင့် အနိုင်အရှုံး ဆုံးဖြတ်သွားမည်ဖြစ်သည်။ ဒဂုံဗျူရီကုမ္ပဏီလီမိတက်သည် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ဆယ်စုနှစ်သုံးခုနီးပါး ပျောက်ကွယ်သွားခဲ့သော ပထမတန်းအောင်လံလုပွဲကြီးများကို ဆုကြေးငွေ အများဆုံးချီးမြှင့်၍ ပြန်လည်ဖော်ထုတ်ခြင်းဖြစ်ပြီး နှစ်စဉ်လည်း ယခုကဲ့သို့ အောင်လံလုပွဲကြီးများကို ဆုကြေးငွေ တိုးမြှင့်၍ ကျင်းပသွားမည့် အစီအစဉ်ရှိကြောင်း သိရသည်။

ဆုကြေးအများဆုံး

ယခု ဒဂုံရွှေအောင်လံပွဲကြီး အလွတ်တန်းအောင်လံဆုအတွက် စုစုပေါင်း ဆုကြေးငွေကျပ် ၆၆ သိန်း၊ ပထမအောင်လံဆုအတွက် စုစုပေါင်း ဆုကြေးငွေကျပ် ၅၇သိန်း ချီးမြှင့်သွားမည်ဖြစ်ရာ ထိုပြိုင်ပွဲနှစ်ရပ်အတွက် ဆုကြေးသက်သက် ငွေကျပ် ၁၂၃သိန်း အကုန်အကျခံ ကျင်းပခြင်းဖြစ်၍ ရိုးရာလက်ဝှေ့လောကတွင် နာမည်ကျော် လက်ဝှေ့သမား အစုံအလင် ပါဝင်ယှဉ်ပြိုင်သည့် ဆုကြေးငွေအများဆုံး ပြိုင်ပွဲကြီးအဖြစ် မှတ်တမ်းဝင်သွားသည်။

ငါးချီစိန်ခေါ်ပွဲ

ယခု ပြိုင်ပွဲကြီးကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့လောက၏ အကြီးတန်းတွင် လုံးချောနှင့် ရွှေဆိုင်းတို့ မည်သူချန်ပီယံ ဟူသော အငြင်းပွားမှုမျိုး မရှိတော့ဘဲ ဒဂုံရွှေအောင်လံ ရရှိသူကသာ အငြင်းပွားဖွယ်မရှိ ချန်ပီယံဖြစ်လာတော့မည်။ နှစ်ရက်တာ ကျင်းပမည့် ဒဂုံရွှေအောင်လံလုပွဲ ပထမအဆင့် ပွဲစဉ်များတွင် နေ့စဉ်ဆီမီး ဖိုင်နယ်ပွဲစဉ် နှစ်ပွဲအပြင် ငါးချီစိန်ခေါ်ပွဲ လေးပွဲစီ ပါဝင်မည်ဖြစ်သည်။

ရောင်းချ

ပြိုင်ပွဲကို နေ့စဉ် ညနေ ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ဝင်ကြေး အထူးတန်း ငွေကျပ် ၈၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၄၅၀၀ သတ်မှတ်ထား၍ ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅ လမ်း (အလယ်ဘလောက်) ဖုန်း-၃၈၇၆၅၀ နှင့် ၀၉-၅၁-၂၉၂၄၄ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

သတင်းစာရှင်းလင်းပွဲတွင် ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဆန်း အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ခုံဒိုင်ချုပ် ဦးဒေါင်းနီက တွဲဆိုင်းများကို ဤသို့ မဲနှိုက်ရွေးချယ်ပေးသည်။ (မြန်မာ့အလင်း)

ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ငါးပြေမရွာ အဝင်လမ်း ဂဝံခင်းခြင်း လုပ်ငန်းကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်နှင့်အဖွဲ့ ဖေဖော်ဝါရီ၆ရက်က ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမြင့်စိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည်

အမျိုးသား စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်တွင် ကျင်းပမည်ဖြစ်သည်။

စတင်တာထွက်

ဖေဖော်ဝါရီ ၂၃ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းမှတစ်ဆင့် အမှတ် ၃လမ်းမကြီးအတိုင်း ထောက်ကြန့်-လှည်းကူး၊ ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ စစ်တောင်းတံတားအသစ်မှ ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်၍ ညအိပ်ရပ်နားမည်ဖြစ်သည်။

ကျိုက်ထို

ဖေဖော်ဝါရီ၂၄ရက်တွင် ကျိုက်ထိုအားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့ ကမ်းနားလမ်းအတိုင်း စီးနင်း၍ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

မော်လမြိုင်

ဖေဖော်ဝါရီ ၂၅ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း အကောက်ခွန်ရုံးရှေ့မှ ပေါင်၊ သထုံ၊ ဘီးလင်း လမ်းကြောင်းအတိုင်း ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၆ရက်တွင် ကျိုက်ထို-စစ်တောင်းတံတားအသစ်၊ ဝေါ၊ ဘုရားကြီး၊ ပဲခူး၊ ထောက်ကြန့် လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်၍ ထောက်ကြန့် ကျွန်းအမှတ်(၂၃)၌ ပန်းဝင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ညနေ ၃နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မိုင်၃၈၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၀)ရပ်ကွက်တွင် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှု၊ မြို့နယ်မီးဘေးကြိုတင်တားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ ဦးထိန်လင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ အင်အား ၆၇ဦးတို့သည် ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းက ရပ်ကွက်အတွင်း အိမ်ခြေပေါင်း ၃၁၀ တို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

(၁၃၃)

ဇက်နာခြင်းကုထုံးအကြောင်း ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပသည့် ဇက်နာခြင်းနှင့် စပ်လျဉ်းသည့် လက်တွေ့ကုထုံးများအကြောင်း ဉာဏ်သစ်လောင်းသင်တန်းကို ဖေဖော်ဝါရီ၂၁ရက် (စနေနေ့)တွင် နံနက် ၈နာရီမှ မွန်းတည့်၁၂နာရီအထိ အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ပို့ချမည်ဖြစ်ရာ အကြောအဆစ် အထူးကုဆရာဝန်များ၊ အခြားစိတ်ဝင်စားသူ ဆရာဝန်များ၊ ဆရာမများ၊ အကြောအဆစ် ကျွမ်းကျင်ပညာရှင်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်၊ စစ်သံမှူး Colonel Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်းမြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda နှင့်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

* ရွှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မောင်မောင်အုန်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အလက(၉) အင်းစိန် အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အလက(၉) (ယခင်) စိန်ဂျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် အလက(၉) အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဒေါ်အေးအေးချစ် ဖုန်း-၆၅၂၂၂၈၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆၊ ဦးတင်ထွန်းဦး ဖုန်း-၂၅၅၁၁၆၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးခင်ချို ဖုန်း-၀၉-၅၁-၃၃၁၀၂၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာအေးမိမိထွေး ဖုန်း-၀၉-၅၀-၄၉၅၇၈နှင့် ဦးမြတ်စိုး ဖုန်း-၀၉-၅၀-၇၆၀၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၀၉ ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အကပဒေသာ
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ **ချောင်းကမ်းဘေးကရွာကလေး** တီကို၊ ထင်ပေါ်၊နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊သဇင် [(ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၂၅ ၉။ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၅ ၅။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၂၀ ၈။ စွမ်းအားစုံညီ ကြက်ခြေနီ
- ၅:၄၀ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသ အခြေအနေ
- ၆:၂၅ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ လက်ဖဝါးမှာ စာရေးပါ** (အပိုင်း-၁) စိုးရန်အောင်၊ ဇော်ဇော်အောင်၊ ရဲမွန်၊သဒ္ဒါထက်၊ တက္ကသိုလ် ငွမ်းပုံ (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၅၅ ၁၃။ ထူးဆန်းထွေလာများကို သိပွဲဖြင့် ချဉ်းကပ်ခြင်း
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၅၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁)

● ကျောဖုံးမှ

ဘက်စုံရေလှောင်တမံစီမံကိန်းများအပါအဝင် ရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် မြေအောက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးလက်ဒေသများ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်မှု စသည့် အကျိုးတရားများကို ရရှိခံစားနေကြရပေပြီ။

စဉ်ဆက်မပြတ်

ပဲခူးတိုင်းသည် မြန်မာ့လယ်ယာစီးပွားရေးတွင် အဓိကကျသည့်သီးနှံဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ဆီထွက်သီးနှံများ အဓိကထုတ်လုပ်ပေးနေသည့် တိုင်းကြီးတစ်ခုဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို နိုင်ငံတော်က စဉ်ဆက်မပြတ် ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

ဖွင့်လှစ်ပေးခဲ့

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ခပေါင်းရေလှောင်ဆည်လည်းပါဝင်ပြီး ၂၀၀၈ခုနှစ် ဇွန် ၂၈ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ခပေါင်းရေလှောင်ဆည်သည် ခပေါင်းရေလှောင်တမံ၏အောက်ဘက် ငါးမိုင်အကွာ၌ တည်ရှိပြီး ရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အမြင့် ၂၅ပေ၊ အကျယ်ပေ၁၅၀ရှိသည်။ ဆည်ရေပေးနိုင်သည့် ဧကမှာ တောင်ငူမြို့နယ်၌ ဧကလေးသောင်း၊ အုတ်တွင်းမြို့နယ်၌ ဧကခြောက်သောင်း စုစုပေါင်းဧက တစ်သိန်းဖြစ်ပြီး ခပေါင်းရေလွှဲဆည်သည် နိုင်ငံတော်၏ ၂၁၂ခုမြောက် ဆည်ဖြစ်၍ ပဲခူးတိုင်း၏ ၄၆ခုမြောက်ဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၂-၂-၂၀၀၉)ရက်နေ့

၂၀၀၉ခုနှစ် မတ်လအတွက်

(၈-၃-၂၀၀၉)ရက်နေ့ နှင့် (၂၉-၃-၂၀၀၉)ရက်နေ့

■ *ကျောဖုံးမှ*

ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီ ၂၅မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်သို့ သွားရောက်ပြီး လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြကာ ရတနာဆင်ဖြူတော်ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ တိုင်းမှူး၊ တပ်မတော်အရာရှိများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရတနာဆင်ဖြူတော်ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္တာလေ့တွင်ရိက္ခာတင်** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)
၇:၅၀-၁:၅၀	Activities in the City (547 ဈေးရောင်းပွဲတော်)
၇:၅၅-၁:၅၅	တေးဂီတအစီအစဉ်
၈:၀၀-၂:၀၀	အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်
၈:၁၅-၂:၁၅	အနုပညာမိုးကောင်းကင်
၈:၄၀-၂:၄၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ (ရေပုတ်သင်မွေးမြူရေး)
၉:၀၀-၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅-၃:၀၅	တိုးတက်လာသော IT ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်သော
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	**သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ- ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၁၀-၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	နှစ်ခြိုက်စွာအိပ်ပျော်စေမှာ Lavender
၁၁:၃၀-၅:၃၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Excellent Pet Shop)
၁၁:၅၀-၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀-၆:၀၀	ယှဉ်ပြိုင်ရွေးချယ် ရေသူမအလှမယ်
၁၂:၂၀-၆:၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ချိုချိုမြင့်နှင့်တွေ့ဆုံခြင်း)
၁၂:၄၀-၆:၄၀	စက်မှုလယ်ယာကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ စာတမ်းဖတ်ပွဲ ဖေဖော်ဝါရီ ၂၈ ရက်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော မြန်မာအင်ဂျင်နီယာတစ်ဦး ကြုံတွေ့ခဲ့ရသည့် ဂျပန်နိုင်ငံ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (Seminar Room)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ဦးအောင်ဆွေ B.E (Civil) Tokyo University (1965),M.E (Civil) Tokyo University (1967), Registered Engineer (Construction Management and Supervision) (1969), Registered Consulting Engineer(Civil Works),(1992) က မြန်မာအင်ဂျင်နီယာတစ်ဦး ကြုံတွေ့ခဲ့ရသည့် ဂျပန်နိုင်ငံအတွေ့အကြုံများကို စာတမ်းဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၃၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့ အမှတ် (၂၈) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထ တန်းအထိ ငါးနှစ်ဆက်တိုက် ဆုရရှိသောမယွန်းပွင့်ဖြူအားကျောင်းအုပ်ဆရာကြီးဦးသောင်းရွှေကဆုချီးမြှင့်စဉ်။ (ပညာရေး)

အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးနှင့် တတိယအကြိမ်အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ (ASEAN Committee on Disaster Management-ACDM) နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ Dato' Muhammad Hatta Bin Ab-Aziz တို့က အဖွင့် အမှာစကားပြောကြားကြသည်။

ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက အာဆီယံဒေသအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးဖြစ်ပွားလာပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံဆောင်ရွက်ရေးနှင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ၂၀၀၉ခုနှစ်အတွက် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနေရာကို လက်ရှိဥက္ကဋ္ဌမလေးရှားနိုင်ငံက လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံက လက်ခံရယူသည်။

ကျင်းပ

အဆိုပါ (၁၃)ကြိမ်မြောက် အာဆီယံ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

လမ်းမှန်နဲ့ ပိုပြီးဝေးသည်ထက်ဝေးသွားမှာ စိုးရိမ်မိပါသည်(၁)

ကျော်ရဲမင်း

၂၀၀၉ခုနှစ်ထဲကိုလှမ်းဝင်လာတာနဲ့ ၂၀၁၀ပြည့်နှစ်ကိုရောက်ဖို့တစ်နှစ်ပဲလိုပါတော့လားလို့ တွေးမိပြီး ကျွန်တော်တို့ ဝမ်းသာအားရ ဖြစ်မိတာအမှန်ပါ။ ၂၀၁၀ပြည့်နှစ်ထဲမှာ ကျွန်တော်တို့ ပြည်သူအားလုံး မျှော်လင့်စောင့်စားနေကြတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမယ်၊ အရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်ထွက်လာတော့မယ်၊ အလားတူ အခြေခံဥပဒေနဲ့အညီ လွှတ်တော်တွေပေါ်လာတော့မယ်၊ အနှစ်နှစ် အလလက မျှော်မှန်းတောင့်တခဲ့ရတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို အောင်မြင်စွာ ခြေလှမ်းဝင်နိုင်တော့မယ်ဆိုတဲ့ အတွေးနဲ့ပါ။

ကျွန်တော်တို့ပြည်သူတွေဘက်က အဲဒီလို မျှော်လင့်စောင့်စားပြီး ပျော်ရွှင်တက်ကြွနေပေမယ့် အစိုးရဆန့်ကျင်ရေး အုပ်စုတွေဘက်ကတော့ မိုးဦးကျဖားတွေလိုပဲ အော်သံ၊ဟစ်သံတွေ ပိုပြီးညံလာတာကို သတိပြုမိပါတယ်။ သူတို့အတွက်ကတော့ ၂၀၀၉ကို ခြေချလိုက်တာနဲ့ ၂၀၁၀မှာ ပြည်သူရဲ့ အဆုံးအဖြတ်ခံယူမှုနဲ့ ရင်ဆိုင်ရဖို့ သိပ်ကိုနီးကပ်လာပြီဆိုပြီး ချောက်ချား တုန်လှုပ်နေကြဟန်တူပါရဲ့။

NLD အနေနဲ့ ဇန်နဝါရီလ၄ရက်နေ့မှာ အထူးကြေညာချက်၁/၀၁/၀၉ ဆိုတာကို ထုတ်ခဲ့ပါတယ်။ ၁-၁-၀၉ရက်နေ့ ကျင်းပတဲ့ CEC အစည်းအဝေးဆုံးဖြတ်ချက်အရ NLD နဲ့ အခြားနိုင်ငံရေးပါတီ (၇)ခုတို့ ပူးပေါင်းပြီး ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုခြွင်းချက်မရှိအမြန်ဆုံး ပြန်လွှတ်ပေးပါဆိုပြီး တောင်းဆိုတာပါပဲ။ အဲဒီလိုတောင်းဆိုပြီး မကြာခင်မှာ ကြေညာချက်အမှတ်၂/၀၁/၀၉ဆိုတာ ထပ်ပြီး ထွက်လာပြန်ပါတယ်။ အဲဒီမှာလည်း NLD နဲ့ နိုင်ငံရေးပါတီ(၇)ခုတို့က ရှေ့ကကြေညာချက်ပါ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးဖို့ ကြေညာချက်အပေါ် တိုင်းသူပြည်သားများက ဝိုင်းဝန်းထောက်ခံကြရန် တိုက်တွန်း နှိုးဆော်လိုက်ပါတယ် ဆိုပြီး လှုံ့ဆော်လိုက်တာပါပဲ။ မိမိပါတီရဲ့ အကျိုးစီးပွားအတွက် ဆန့်ကျင်ပုတ်ခတ်တောင်းဆိုကြရာကနေ ပြည်သူကိုပါ စည်းရုံးသွေးထိုး လှုံ့ဆော်လာတဲ့ အနေအထားအထိ နယ်ကျွံလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။

အဲဒီနောက်မှာ NLD CEC က ဘယ်လို ညွှန်ကြားချက်တွေရှိပြီး ဘယ်လို ခြေလှမ်းပြင်နေတယ်ဆိုတာ မသိနိုင်ပေမယ့် NLD မိတ္ထီလာခရိုင် အတွင်းရေးမှူးဆိုသူ အမျိုးသမီးကတော့ "ဗဟိုရဲ့ ညွှန်ကြားချက်နဲ့ ကိုက်ညီအောင်ဆိုတဲ့ သဘောနဲ့ ကျွန်မတို့က သူတို့ရဲ့ သဘောထား လက်မှတ်တွေ ကောက်ခံနေပါတယ်"လို့ ပြောသွားတာကို BBC ကနေ ကြားလိုက်မိပြန်ပါတယ်။ မင်းကိုနိုင်တို့ အုပ်စုရဲ့ Signature Campaign လမ်းကြောင်းကို ပြန်ဖော်ဖို့ သွေးတိုးစမ်းလာတဲ့ အနေအထားပါ။ ဒီလို မိမိပါတီရဲ့ ကြေညာချက်အပေါ် လူထုက ဝိုင်းဝန်းထောက်ခံဖို့ လှုံ့ဆော်တာကိုတောင်မှ ရိုးရိုးသားသား ဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနဲ့ သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး ပြည်သူကို မျက်လှည့်ပြဖို့ မရိုးမသား ကြံစည်လာတာကို တွေ့ရပါတယ်။

"ပြည်သူလူထု ခံစားနေရတဲ့ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီးနဲ့ သောက်သုံးရေ အပြည့်အဝ ရရှိရေးအတွက် ကျွန်မတို့မိတ္ထီလာမြို့မှာရှိတဲ့ ပြည်သူလူထုက လက်မှတ်ရေးထိုးပြီး တောင်းဆိုပါတယ်ပေါ့နော်။ ဒါနဲ့ပတ်သက်ပြီး လျှပ်စစ်မီးနဲ့ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ လုပ်ဆောင်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည် ဆိုပြီးတော့ အောက်ကနေမှ အမည်နဲ့ လက်မှတ်ပေါ့"ဆိုတဲ့ NLD မိတ္ထီလာခရိုင် အတွင်းရေးမှူးဆိုသူ အမျိုးသမီးရဲ့ စကားမှာကိုက မိုးလုံးပြည့်မုသာဝါဒတွေ ပြည့်နေတာကို အားလုံး သတိပြုမိမှာပါ။ ကြမ်းပိုးကိုလိပ်ဖြစ်အောင် ပြောတတ်သလို လိပ်ကို ကြမ်းပိုးဖြစ်အောင်လည်း ပြောင်းပြန်ပြန်ပြောဖို့ ဝန်မလေးတဲ့ မုသာဝါဒီစစ်စစ်တွေပါပဲ။ ဒီလိုပြောလိုက်ရင် ပြည်သူတွေများ သူတို့ဘက် ပါလာမလား၊ ပြည်သူတွေများ အုတ်အော်သောင်းတင်းနဲ့ လက်မှတ်တွေဝိုင်းထိုးကြမလား၊ နောက်ဆုံးတစ်နေ့ သူတို့မျှော်မှန်းတဲ့ ဆူပူအုံကြွမှုကြီးအထိ ဆွဲခေါ်သွားလို့ရနိုင်မှာလား ဆိုတဲ့ မျှော်လင့်ချက်တွေပါနေတာ ဖွင့်မပြောလည်း သိသာလှပါတယ်။

ဒါကြောင့်လည်း အဲဒီပါတီနဲ့ ပတ်သက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ကျင်းပတဲ့ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုသတင်းစာရှင်းလင်းပွဲမှာ ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက ပြောခဲ့တာဖြစ်ပါလိမ့်မယ်။ ဦးခင်မောင်ကြီးက ပြောကြားရာမှာ နိုင်ငံရေးပါတီကြီးတစ်ခုအနေနဲ့ ပန်ကြားချက်ထုတ်ပြီး ပြည်သူကိုတိုက်ရိုက်လှုံ့ဆော်မှုတွေ လုပ်ဆောင်နေကြောင်း၊ ၂၀၀၉ခုနှစ်အတွင်းမှာ ဆူပူမှုတွေဖြစ်လာအောင် အစီအစဉ်ရှိရှိနဲ့ ကြံစည်နေကြတာ တွေ့ရှိကြောင်း၊ ပြည်သူကိုတိုက်ရိုက် လှုံ့ဆော်တာရှိသလို သွယ်ဝိုက်တဲ့ နည်းတွေနဲ့ လှုံ့ဆော်ပြီးတော့ ကြံစည်နေတာတွေလည်း ရှိကြောင်း၊ နိုင်ငံနဲ့ပြည်သူ အေးချမ်းတည်ငြိမ်ပြီး ကိုယ့်စီးပွားရေး၊ ကိုယ့်လူမှုရေး၊ ကိုယ့်တိုးတက်ရာ တိုးတက်ကြောင်းတွေကို ပုံမှန်လုပ်ကိုင်နိုင်ဖို့ကိစ္စမှာ မချောမမွေ့ဖြစ်အောင်၊ အထစ်အငေါ့ဖြစ်အောင်၊ မသွားရဲ၊ မလာရဲ၊ မလုပ်ရဲ၊ မကိုင်ရဲဖြစ်အောင် ကြံစည်နေတဲ့ အကြံအစည်တွေရှိနေကြောင်း ပွင့်ပွင့်လင်းလင်းပဲ ပြောသွားခဲ့ပါတယ်။ ဒီအတွက် ပြည်ပကနေ ဝင်ရောက်စွက်ဖက်မှုတွေ၊ ပံ့ပိုးကူညီမှုတွေ၊ သွေးထိုးမြှောက်ပင့်မှုတွေလည်း ရှိနေတယ်လို့ဆိုပါတယ်။

ဒါ့အပြင် အဲဒီပါတီကြီးအတွင်းမှာ မှန်မှန်ကန်ကန်နဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို တရားသောနည်းလမ်းနဲ့၊အမျိုးသားရေးအမြင်နဲ့၊လုပ်ချင်တဲ့အင်အားစုနဲ့ တွန်းတွန်းတိုက်တိုက် လုပ်စရာရှိ လုပ်ပစ်လိုက်မယ်ဆိုတဲ့ အင်အားစုနှစ်စု ကွဲနေတယ်လို့ဆိုပါတယ်။ အဲဒီ နှစ်စုအနက်က တွန်းတွန်းတိုက်တိုက် လုပ်ချင်တဲ့ အင်အားစုအနေနဲ့ ၂၀၀၉ခုနှစ်ထဲမှာ ပြည်တွင်းမှာ ဆူပူလှုပ်ရှားမှု တစ်စုံတစ်ရာဖြစ်လာရင် လူတွေလမ်းပေါ်တက်လာအောင်၊ ပဋိပက္ခတွေကြီးထွားလာအောင် လှုံ့ဆော်မှုတွေ၊ ကြိုးပမ်းမှုတွေ အမှန်မုချ ရှိနေပြီဖြစ်ကြောင်း၊ လောလောဆယ် သိနေရတာတွေက သက်ဆိုင်ရာ နိုင်ငံတွေက ရန်ပုံငွေတွေ ထည့်ပေးနေတာ၊ အခြားနည်းလမ်းတွေနဲ့ ပံ့ပိုးနေတာတွေရှိနေကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပါတီအကျိုးထက် တိုင်းပြည်နှင့် လူထုအကျိုးကို ဦးစားပေးသင့်ကြောင်း ချက်ကျလက်ကျ ပြောသွားတာကိုလည်း မှတ်သားမိပါတယ်။

အဲဒီပါတီကြောင့် ပြည်သူလူထုမှာ စိတ်မချမ်းသာမှု၊ စိတ်နှလုံးမချမ်းမြေ့မှုတွေဖြစ်စေကြောင်း၊ ရွေးကောက်ပွဲ ဝင်မဝင် အပြတ်မပြောဘဲ နိုင်ငံရေးကစားနေကြောင်း၊ အဓိကက ပြည်သူကဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ပျက်အောင်ဖျက်ပြီး တစ်ဇွတ်ထိုးလုပ်မယ်ဆိုရင် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရာရောက်ကြောင်း၊ ကွန်မြူနစ်တွေပြောသလို ပထမဖျက်ပစ်၊ ပြီးမှ အသစ်ပြန်တည်ဆောက်၊ အဲဒီလိုလုပ်ချင်တယ်ဆိုရင်လည်း ပြည်သူလူထု မချမ်းမသာဖြစ်ကြရမှာဖြစ်ကြောင်း ယထာဘူတကျကျ သုံးသပ်ဝေဖန် ပြသွားပါတယ်။

ကျွန်တော့်အမြင်ပြောရရင် ဦးခင်မောင်ကြီး ပြောသွားတာတွေ အားလုံးဟာ မလွန်ပါဘူး။ သိက္ခာရှိတဲ့ နိုင်ငံရေးပါတီကြီးတစ်ခုက တွဲဖက်အထွေထွေအတွင်းရေးမှူးတစ်ယောက်အနေနဲ့ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောသွားတယ်လို့ ဆိုနိုင်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီထက်ပိုပြီး ပြောစရာအကြောင်းတွေ ရှိနေပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတွေကလည်း မသိမဟုတ်ပါဘူး။ သိသိကြီးနဲ့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကြောင့် ဇွတ်မှိတ်ပြီး လက်ခုပ်တီးနေသူရှိသလို အရင်ကမသိပေမယ့် အခုသိလာလို့ ကြာကြာဝါးမှ ခါးမှန်းသိပြီး ထွေးထုတ်အန်ထုတ်ပစ်ခဲ့ကြသူတွေလည်း များသည်ထက် များလာခဲ့ပါပြီ။

တကယ်တော့ ဦးခင်မောင်ကြီး ရည်ညွှန်းတဲ့ နိုင်ငံရေးပါတီကြီးဆိုတဲ့ NLD ဟာ သူတို့အာဏာရရှိရေးအတွက် ဘနဖူးသိုက်တူးဖို့ ကြိုးပမ်းတဲ့အဆင့်ကို ရောက်နေပါပြီ။ သူတို့မျက်စိထဲမှာ အာဏာကိုပဲမြင်ပြီး ဒီအာဏာ သူတို့လက်ထဲရောက်လာအောင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်ဆိုတဲ့အဆင့်ကို ရောက်နေပါပြီ။ မိမိပါတီရဲ့ အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ပြည်သူလူထုကိုတောင်မှ လိမ်လည်ဖို့၊ လှည့်ဖြားဖို့၊ ခုတုံးလုပ် အသုံးချဖို့၊ ချနင်းဖို့ ဝန်မလေးတော့ပါဘူး။ ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်တို့ တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်း အောင်မြင်ပြီးမြောက်ခဲ့ကြတဲ့ အမျိုးသားညီလာခံကြီးကိုလည်း နှစ်ပြားမတန်အောင် စွပ်စွဲနှိမ်ချ ပုတ်ခတ်ခဲ့ကြပါတယ်။ ပြည်သူ ၉၂ဒသမ၄၈ရာခိုင်နှုန်းရဲ့ တစ်ခဲနက်ထောက်ခံမဲနဲ့ အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လက်မခံဘူး၊ အသိအမှတ်မပြုဘူး၊ ပြန်ပြင်မယ်၊ ပြန်ဆွဲမယ် စသဖြင့် ကဏ္ဍကောစတိုက်ပြီး ပြည်သူ့ဆုံးဖြတ်ချက်ကို မထီမဲ့မြင်ပြုခဲ့ကြပါတယ်။ တစ်ခါပြည်သူတွေ မျှော်လင့်စောင့်စားနေကြတဲ့ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲကိုလည်း စိတ်မဝင်စားဘူး၊ မဝင်ဘူး/ဝင်မယ်၊ စဉ်းစားဦးမယ် စသဖြင့် အမျိုးမျိုးနိုင်ငံရေးကစားပြီး ကိုယ်ကျိုးရှာ အမြတ်ထုတ်ဖို့ တိုက်ကွက်ဖော်နေပြန်ပါတယ်။

အခုလည်း နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးတောင်းဆိုတာကို ရိုးရိုးမလုပ်ဘဲ ဆန်းဆန်းလုပ် စတန့်ထွင်ပြီး ပြည်သူတွေကို လိမ်ညာလက်မှတ်ထိုးခိုင်းဖို့ ကြိုးပမ်းနေပြန်ပါပြီ။ ပြည်သူက ဆူပူမှုတွေ၊ ဆန္ဒပြတာတွေ၊ တောင်းတာတိုက်တာတွေ ဘာတစ်ခုမှ စိတ်မဝင်စားပါဘူး။ ဒီပုံစံနဲ့ ရှေ့ဆက်သွားရင် NLD အနေနဲ့ လူထုထောက်ခံမှု လုံးလုံးကျရှုံးရတော့မှာ အသေအချာပါပဲ။

သိရသလောက် NLD ဌာနချုပ်မှာ နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးအတွက် Signature Campaign လုပ်နေတယ်လို့ ဆိုပါတယ်။ လက်မှတ်ရေးထိုးကြတဲ့အထဲမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီနိုင်ငံ သံရုံးများက သံတမန်များလည်း ပါဝင်နေတယ်လို့ VOA က လွှင့်သွားတာကို ကြားမိပါတယ်။ ဘယ်သူတွေပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကျွန်တော်တို့ ယနေ့ပြည်သူလူထုကတော့ လုံးဝ ပါဝင်ပတ်သက်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ လှုံ့ဆော်သွေးထိုးစကားတွေကို နားယောင်မိတဲ့ လူအချို့ကြောင့် တိုင်းပြည်မတည်မငြိမ် ဆူဆူပူပူလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရတဲ့ ဖြစ်စဉ်တွေကိုလည်း မမေ့ကြသေးပါဘူး။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို ဒီလိုအရည်မရအဖတ်မရကိစ္စတွေမှာ ကိုယ့်သားကိုယ့်သမီး၊ ကိုယ့်ဆွေကိုယ့်မျိုး မပတ်သက်မိလေအောင် ထိန်းကြရမယ်လို့ အားလုံးက နားလည်ထားပြီးကြပါပြီ။

အခုလည်း မိတ္ထီလာ NLD အနေနဲ့ ရေကိစ္စ၊ မီးကိစ္စကိုအစဖော်ပြီး မလုပ်သင့် မလုပ်ထိုက်တာကို လုပ်လာပြန်ပါပြီ။ အကြံကုန် ဂဠုန်ဆားချက်ဆိုသလို တည်ဆဲအစိုးရအပေါ် ထောက်စရာ အပြစ်အနာအဆာကလည်း ကြီးကြီးမားမား မရှိလေတော့ လတ်တလော ရေကိစ္စ၊ မီးကိစ္စကိုအခြေခံပြီး လှုံ့ဆော်ရင်တော့ ရကောင်းရဲ့လို့ ရရာကောက်ရိုးတစ်မျှင်ကို ဆွဲကြည့်တဲ့သဘော ထင်ပါရဲ့။ သူတို့က ဒီလိုပြောနေပေမယ့် တကယ်တမ်းကျတော့ နိုင်ငံတော်ဘက်ကလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကိစ္စတွေကို လျစ်လျူရှုထားခဲ့တာ မဟုတ်ပါဘူး။ အဘက်ဘက်က အားတက်သရော ကြိုးပမ်း ဖော်ဆောင်ပေးနေတာ အထင်အရှားပါ။ ဒါတွေကို ကျွန်တော်တို့ပြည်သူကလည်း သိနားလည်လက်ခံ ယုံကြည်ထားပြီးသားပါ။ သို့သော် မသိချင်၊ မမြင်ချင်၊ မကြားချင် ယောင်ဆောင်နေတဲ့ မိတ္ထီလာ NLD အပါအဝင် ဆန့်ကျင်ဘက်များအားလုံးကို ကိန်းဂဏန်း အချက်အလက်နဲ့တကွ ခြေခြေမြစ်မြစ် ရှင်းပြချင်ပါသေးတယ်။

ပထမအချက်အနေနဲ့ သောက်သုံးရေရရှိရေးအတွက် ဘာတွေလုပ်ပေးခဲ့တယ်၊ ဘာတွေလုပ်ပေးနေတယ်ဆိုတာကို ပြောပါမယ်။ သောက်သုံးရေနဲ့ ဆက်စပ်ပြီး ဦးစွာစိုက်ပျိုးရေရရှိရေးအပိုင်းကို ပြောလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ သီးနှံစိုက်စွမ်းအား တိုးတက်လာအောင် ဆောင်ရွက်ရာမှာ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် အဓိကကျလှတဲ့ စိုက်ပျိုးရေရရှိရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောရရင် ၁၉၈၈ ခုနှစ်မှာ ဆည်တမံပေါင်း(၁၃၈)ခုသာ ရှိခဲ့ရာကနေ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအထိ ဆည်တမံပေါင်း(၂၁၈)ခု အသစ် ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ယခုအခါ ဆည်တမံပေါင်း(၃၅၆)ခုအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။ အဲဒီ ဆည်တမံတွေကနေ ဆည်ရေသောက်ဧရိယာဧက ၂ဒသမ ၇၈သန်း (ဟက်တာ ၁ ဒသမ ၁၃သန်း)အထိ အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကိုလည်း ဖော်ဆောင်ပေးလျက် ရှိပါတယ်။ ၁၉၈၈ခုနှစ်မှာ မြစ်ရေတင်စီမံကိန်းပေါင်း လေးခုသာ ရှိခဲ့ရာကနေ ၂၀၀၉ခုနှစ် ဇန်နဝါရီလအထိ မြစ်ရေတင်စီမံကိန်း လုပ်ငန်းပေါင်း (၃၂၂)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြစ်ရေတင်စီမံကိန်းများကနေ ရေသောက်ဧရိယာ ဧက ၅သိန်း(ဟက်တာ ၂ ဒသမ ၀၂ သိန်း)အတွက် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ မြစ်ရေတင် စီမံကိန်းအပြင် မြေအောက်ရေဖြင့် ရေပေးနိုင်ရေးအတွက်လည်း စက်ရေတွင်းပေါင်း(၄၈၉၃)တွင်း၊ လက်ရိုက်တွင်းပေါင်း (၂၉၇၃)တွင်း စုစုပေါင်း(၇၈၇၆)တွင်းကို တူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ဒါကြောင့်မြေအောက်ရေတွင်းများကနေ ရေသောက်ဧရိယာ ဧက ၉၆၁၀၀ (ဟက်တာ ၃၈၈၅၁)ကို ဆက်လက်ရေပေးဝေနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အချို့သော ဆည်တမံစီမံကိန်းများမှာ ရေသောက်စနစ်များ ပြီးစီးမှုမရှိသေးတဲ့အတွက် အခုဘဏ္ဍာရေးနှစ်အတွင်းမှာ အကျိုးပြုဧရိယာဧက ၁ ဒသမ ၁၈၉သန်း(ဟက်တာ ၀ဒသမ၀၇၆၅သန်း) ရရှိနိုင်ရေးအတွက် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ အလားတူ မြစ်ရေတင်စီမံကိန်းနဲ့ မြေအောက်ရေရရှိရေး စီမံကိန်းများကိုလည်း တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အပိုင်းက တိုးမြှင့်ဖော်ဆောင်ပေးလျက် ရှိတာကြောင့် တောင်သူ လယ်သမားများအနေနဲ့ သီးနှံစိုက်စွမ်းအားများ တိုးတက်လာမှာဖြစ်တဲ့အပြင် တစ်ဧကအထွက်နှုန်းများလည်း တိုးမြှင့်လာနိုင်မှာ အသေအချာပါပဲ။ ဒါကြောင့် ၂၀၀၈-၂၀၀၉ခုနှစ်မှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတန်ဖိုး ၁ဒသမ၈ဆခန့် တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ သီးနှံထုတ်လုပ်မှုတန်ဖိုး တိုးတက်လာခြင်းဟာ ကျေးလက်နေပြည်သူများရဲ့ တစ်ဦးချင်းဝင်ငွေ မြင့်မားလာစေဖို့ အကြောင်းရင်းခံပဲ ဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မကြည့်ဘဲ မိတ္ထီလာခရိုင် အပါအဝင်ဖြစ်တဲ့ မန္တလေးတိုင်းကိုကြည့်ရင် ၁၉၈၈မတိုင်မီအထိ ဆည်တမံပေါင်း (၆၁)ခုရှိခဲ့ပြီး ၁၉၈၈နောက်ပိုင်းမှာ(၅၂)ခုအထိ ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းအတွင်း လက်ရှိဆည်တမံ အရေအတွက်မှာ (၁၁၃)ခုဖြစ်ပါတယ်။ဒါ့အပြင်တည်ဆောက်ဆဲဆည်တမံခုနစ်ခုနဲ့ တည်ဆောက်ရန်လျာထားချက်ဆည်တမံ၁၀ခုကိုလည်း ဆက်လက်အကောင်အထည်ဖော် ပေးသွားမှာဖြစ်တယ်လို့သိရပါတယ်။ မိတ္ထီလာမှာဆိုရင်ကို ညောင်ကုန်းရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ရှမ်းမငယ်ရေလှောင်တမံ စတဲ့ ရေလှောင်တမံကြီးတွေ တည်ဆောက်ပေးထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် မိတ္ထီလာခရိုင်မှာ မိုးနည်းရေရှားဒေသဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်မိုးမရရှိပါက စိုက်ပျိုးပြီး သီးနှံများ ပျက်စီးမှုမရှိစေရန်အတွက် မြေအောက်ရေပေးဝေရေး စီမံချက်ကို အထူးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း မြေအောက်ရေရရှိနိုင်မှု အလားအလာနှင့် ရေအရည်အသွေး စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ရာမှာ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့အတွက် မြေအောက်ရေတွင်းများ တူးဖော်ပြီး ရေပေးဝေရေးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များအတွင်းမှာ မြေအောက်ရေခိုအောင်းပမာဏ ဧက(၇၀၀၀၀)ရှိပြီး တူးဖော်မည့် စက်ရေတွင်းပေါင်းက (၈၀၀)ဖြစ်ပါတယ်။ အဲ့ဒီတွင်းပေါင်း(၈၀၀)အတွက်ကုန်ကျစရိတ် ကျပ် ၂၇၁ ဒသမ ၂၆သန်း ကုန်ကျမှာဖြစ်ပြီး ဧက (၁၁၀၀၀)အတွက် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် စိုက်ပျိုးရေသေချာလာစေခြင်း၊ ရာသီဥတုဖောက်ပြန်မှုအရ စိုက်ပျိုးရေမလုံလောက်တဲ့အချိန်မှာ ရေပေးဝေနိုင်ခြင်းနဲ့ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုနိုင်ခြင်း စတဲ့အကျိုးတွေ ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါကစိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က လုပ်ဆောင်ပေးနေတဲ့အပိုင်း ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောရရင် ၁၉၈၈ ခုနှစ်မှာ ဆည်တမံပေါင်း (၁၃၈)ခု သာရှိခဲ့ရာကနေ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအထိ ဆည်တမံပေါင်း (၂၁၈)ခု အသစ်ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ယခုအခါ ဆည်တမံပေါင်း (၃၅၆)ခုအထိ ရှိလာခဲ့ပြီဖြစ်။

19-2 (10).pmd 1 2/19/2009, 1:02 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ယခင် မိတ္ထီလာဒေသကောလိပ် (၁၉၇၇-၁၉၈၁) ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယခင် မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် မေ ၂ရက်တွင် မိတ္ထီလာမြို့ မြို့တွင်းဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခင် မိတ္ထီလာဒေသကောလိပ်တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ၁၉၇၇ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာရဲအောင် ဖုန်း-၀၆၄-၂၅၆၅၃ နှင့် ဦးခင်မောင်ဆွေ ဖုန်း-၀၆၄-၂၃၃၈၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာရဲအောင် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၅၆၅၃၊ ဒေါက်တာနေမျိုး(မန္တလေး) ဖုန်း-၀၂-၃၉၅၀၄၊ ၀၉-၅၁-၄၁၇၄၅၊ ဦးတင်ရွှေ (မန္တလေး) ဖုန်း-၀၉-၂၀-၀၂၇၀၄၊ မန္တလာဦးစိုးမြင့် ဖုန်း-၀၉-၂၀-၀၄၇၇၇၊ ၀၁-၆၅၅၂၄၂၊ ဗိုလ်မှူး မောင်မောင်(ငြိမ်း) ရန်ကုန် ဖုန်း-၀၁-၆၄၃၉၄၃၊ ၀၉-၅၀-၆၃၇၈၄၊ ဒေါ်မို့မို့အောင်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ၀၉-၅၀-၃၁၈၈၁၊ ဒေါ်ခင်မြနွယ်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၄၈၊ ၀၉-၅၂-၀၁၀၇၉၊ ဦးစိုးအောင် (ရန်ကုန်) ဖုန်း-၀၁-၅၇၁၇၈၀၊ ၀၉-၈၀-၂၀၄၁၈၊ ဦးခင်မောင်ဆွေ(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉-၂၂-၀၁၃၉၄၊ ဦးစောနိုင်ထွန်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၂၆၆၊ ၂၃၆၄၄၊ ဦးမြင့်မောင်အေး (လ/ထညွှန်မှူး၊ ဆည်မြောင်းစက်မှု၊ မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၀၇၆၊ ၀၉-၂၂-၀၁၄၂၂၊ ဒေါက်တာဇော်လင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၅၉၀၃၊ ဦးဝင်းတင်(မိတ္ထီလာတက္ကသိုလ်) ဖုန်း-၀၆၄-၂၅၁၂၃၊ ၀၉-၂၀-၁၅၁၆၄၊ ဦးလှမြင့်(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၀၇၈၊ ၀၉-၅၀-၆၈၈၃၃ နှင့် ဒေါ်ဂျိုင်းအေးမာမြင့် ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၆၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းတော်မြို့၌ ကတ္တရာလမ်း ထပ်ပိုးလွှာခင်း

အင်းတော် ဖေဖော်ဝါရီ ၁၈

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အောင်ချမ်းသာရပ်ကွက် သာယာလမ်း ၄၄၈ပေ×၁၈ပေ ကတ္တရာထပ်ပိုးလွှာ လမ်းခင်းနေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်သန်းက ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပဲခူးမြို့ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းနှင့်ရောဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၆ရက် ညနေ၃နာရီတွင် ပဲခူးမြို့ရှိ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့-၂ မှ အင်ဂျင်နီယာမှူးက မူလသံပေါင်တံတား နှစ်စင်းအနက်မှ ရေစုန်ဘက်ခြမ်းရှိ (CH)သံပေါင်တံတားအားဖြုတ်၍ သုံးလမ်းသွား တံတားတည်ဆောက်ပြီး ယာဉ်များဖြတ်သန်းခွင့်ပြုထားမှု အခြေအနေနှင့် ရေဆန်ဘက်ခြမ်းရှိ သံပေါင်တံတားအား သုံးလမ်းသွား တံတားအဖြစ် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် တံတားဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးက တံတားဟောင်းကြမ်းခင်းအားဖောက်၍ သံကူကွန်ကရစ်ဘိုးပိုင်တူးဖော်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပဲခူး-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၄၃/၇)ရှိ ထောက်ကြန့်-ပဲခူး ခြောက်လမ်းသွား စီမံကိန်းလမ်းအသုံးပြုခ ဘီးခွန်ကောက်ခံရေးစခန်းသို့ ရောက်ရှိကြရာ မက်စ်(မြန်မာ)ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက Toll Gate ဆောက်လုပ်ပြီးစီးမှုနှင့် လမ်းပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်ကိုကိုသည် ဖေဖော်ဝါရီ၁၇ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ရှိ ဒေးဒရဲတံတားသို့ ရောက်ရှိပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အမြန်ရေယာဉ်ဖြင့် ဒေးဒရဲမြို့မှ ဆက်လက်ထွက်ခွာရာ တိုးစံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေင်ကုမ္ပဏီကဆောက်လုပ်နေသည့် နေအိမ်များ၌ လေဘေးသင့်ပြည်သူများအခြေချနေထိုင်နေမှုနှင့် နေအိမ်အလိုက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုးစံပြကျေးရွာအနီးရှိ တမာတကောရေငန်တားတာ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စက်ယန္တရားကြီးများဖြင့် ပင်လယ်ရေငန်တားတာ ဆောင်ရွက်ပြီးစီးမှုနှင့် ကျွန်းပတ်တာကို အဖွဲ့များခွဲ၍ အပိုင်းလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တမာတကောရေငန်တားတာဆိုင်ရာ အချက်အလက်များ၊ ဧရာဝတီတိုင်းအတွင်း ကျွန်းပတ်တာနှင့် ရေငန်တားတမံများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းလိုအပ်ချက်များကို တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကိုမှာကြားကာ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီမှ လက်ထောက်အင်ဂျင်နီယာက မြေနေရာ ရွေးချယ်ထားရှိမှုနှင့် ပစ္စည်းစုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက ပွင့်လင်းရာသီအတွင်း လုပ်ငန်းများအမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုးစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ၏ စာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် တိုးစံပြကျေးရွာမှ ဆက်လက်ထွက်ခွာရာ ကျိုက်လတ်မြို့နယ်ရှိ ဂုံညင်းတန်း တံတားသို့ရောက်ရှိပြီး တံတားကွဲခိုင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ အသက် (၇၅)နှစ်ပြည့် အဘိုးအဘွားများပူဇော်ပွဲနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရသူများအား ပညာရည်ချွန်ဆုပေးပွဲကို မတ်၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ မြသိန်းတန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသူများ အမှတ်စာရင်း မိတ္တူနှင့်အတူ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ထံ ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထားသတင်းပေးပို့ကြရမည်ဖြစ်ပြီး အသင်းဝင်များနှင့် ဇလွန်နွယ်ဖွားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌဦးသိန်းရွှေ ဖုန်း-၅၇၀၀၆၇၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃နှင့် အတွင်းရေးမှူး ဦးအေးကျော့ ဖုန်း-၀၉-၅၁-၅၈၂၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





ကျေးဇူး ဆပ်ပါမည်
ကျွန်တော်၏ယာဉ်အမှတ် ၁ဂ/၉၀၅၉၏အခွန်ပုံစံ(၁)မူရင်းပျောက်ဆုံး သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဦးမင်းမင်းဦး
အမှတ်၊ ၈၄၇/၈၅၃ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်အောင်မြတ်သူ ၅/တဆန(နိုင်)၀၀၀၃၈၈သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။ ဦးစိန်တင့်-ဒေါ်ဝင်း။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲ မန္တလေးမြို့တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

Han Golf Masters Pte.,Ltd. က စီစဉ်သော Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပရာ Golf Masters မဂ္ဂဇင်းဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူ စုစုပေါင်း၁၃၅ဦးကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ တတိယရရှိသော ဒေါ်မိုးမိုးဝင်း အသားတင်ရိုက်ချက် ၇၄ချက်၊ ဒုတိယရရှိသော ဒေါ်မေလွင် အသားတင်ရိုက်ချက် ၇၄ချက်နှင့် ပထမရရှိသော ဒေါ်ယဉ်ယဉ် အသားတင်ရိုက်ချက် ၇၄ချက်တို့အား Golf Masters မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဆန်းထွန်းက ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသား H' Cap (၁၇-၂၄)တန်းတွင် ပဉ္စမရရှိသော ကျော်သူ အသားတင်ရိုက်ချက် ၇၂ချက်၊ စတုတ္ထရရှိသော ခင်မောင်ဌေး အသားတင်ရိုက်ချက် ၇၂ချက်၊ တတိယရရှိသော စိုင်းအိုက်အောင် အသားတင်ရိုက်ချက် ၇၁ချက်၊ ဒုတိယရရှိသော အောင်အောင်ထွေး အသားတင်ရိုက်ချက် ၇၀နှင့် ပထမရရှိသော ထွန်းနိုင် အသားတင်ရိုက်ချက် ၇၀တို့နှင့် အမျိုးသား H' Cap (၀-၁၆)တန်းတွင် ပဉ္စမရရှိသော ဝင်းအောင် အသားတင်ရိုက်ချက် ၆၉ ချက်၊ စတုတ္ထဆုရကျော်နိုင်ဦး အသားတင်ရိုက်ချက် ၆၉ချက်၊ တတိယရရှိသော မြတ်မင်းထွန်း(ရွှေမန်းတောင်) အသားတင်ရိုက်ချက် ၆၉ချက်၊ ဒုတိယရရှိသော ကြည်လွင် (MGA) အသားတင်ရိုက်ချက် ၆၉ချက်၊ ပထမရရှိသော ကျော်ကျော် (ရွှေမန်းတောင်) အသားတင်ရိုက်ချက် ၆၈ချက်တို့အား Han Golf Masters Pte.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှဟန်က ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့အပြင် Nearest to the Pin ဆုရရှိကြသူများ၊ Nearest to the Line ဆုရရှိကြသူများနှင့် Longest Drive ဆုရရှိကြသူများအား Co Sponsor များအဖြစ် ပံ့ပိုးကူညီကြသောကုမ္ပဏီများမှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသော ကစားသမားများအတွက် ကံစမ်းမဲအစီအစဉ်ကို ပြုလုပ်ပေးသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ ပြိုင်ပွဲဖြစ်မြောက်ရန်အတွက် Han Golf Masters Pte.,Ltd. က အဓိကပံ့ပိုးပေးပြီး Srixon, Cleveland Cross Creek, XXIO, OGAWA, Royal Modern Furniture, Pahtama Group Ltd. (မန္တလေး)၊ Mr.Big (မန္တလေး)၊ C' Care, GP Watch (မန္တလေး)၊ Lucky Drinking Water (မန္တလေး)၊ Dagon Brewery, IBTC, Nivea, Life Line နှင့် Hotel Mandalay တို့က Co Sponsor များအဖြစ် ပါဝင်ကူညီကြသော ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် HAN Event Management က တာဝန်ယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးပွဲတွင် ဆုရရှိသူတစ်ဦးအား Golf Masters မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဆန်းထွန်းက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စီးပွား/ကူးသန်းအသင်း အမှတ်ပေးချန်ပီယံဆု ဆွတ်ခူး

သတင်းမှတ်စု-ဖိုးသော်ဇင်၊ ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ပြန်လည်ဆွတ်ခူး

၁၇နှစ်အကြာတွင် အဆင့်မြင့်တန်း အမှတ်ပေး ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့သော စီးပွား/ကူးသန်းအသင်း။ (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းကို သရေကစားပြီး ပြိုင်ပွဲမပြီးဆုံးခင် ဗိုလ်စွဲသွားခဲ့ပါတယ်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန်အသင်း - တစ်ဂိုး
စီးပွား/ကူးသန်းအသင်း - တစ်ဂိုး

ဒီနေ့ပွဲမှာ ၂၀၀၈-၂၀၀၉ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ပြိုင်ပွဲရဲ့ ချန်ပီယံအသင်း ထွက်ပေါ်ခဲ့ပါတယ်။ ပြိုင်ပွဲဟာ ဖေဖော်ဝါရီ ၂၈ရက် ကျမှပြီးဆုံးမှာ ဖြစ်ပေမယ့် ထိပ်ဆုံးက ဦးဆောင်နေတဲ့ စီးပွား/ကူးသန်းအသင်းဟာ ဒုတိယနေရာက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကို သရေကစားနိုင်ခဲ့တာကြောင့် တစ်ပွဲစီကစားဖို့ ကျန်သေးပေမယ့် လေးမှတ်အသာရခဲ့တဲ့ စီးပွား/ကူးသန်းက ဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းရဲ့ အခုဗိုလ်စွဲမှုဟာ အမှတ်ပေး ချန်ပီယံဆုကို ၁၇နှစ်အကြာမှ ပြန်လည်ရယူနိုင်ခဲ့တာဖြစ်ပြီး ၁၉၉၁-၁၉၉၂ ဘောလုံးရာသီ ကုန်သွယ်ရေးအသင်း အမည်နဲ့နောက်ဆုံးဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။

၂၀၀၂-၂၀၀၃ဘောလုံးရာသီက စလို့ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲမှာ ကြီးစိုးနေတဲ့ ဘဏ္ဍာ/အခွန် အသင်းဟာ အခုနှစ်မှာ ခုနစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲဖို့ ကြိုးစားခဲ့ပေမယ့် သရေပွဲတွေများခဲ့တာကြောင့် ချန်ပီယံဘွဲ့ကို လက်လွှတ်ခဲ့ရတာ ဖြစ်ပါတယ်။ အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် ခြောက်နှစ်ဆက်တိုက် ဆွတ်ခူးထားတဲ့ ဘဏ္ဍာ/အခွန်အသင်းဟာ ဒီနေ့ပွဲမှာ အနိုင်ရရင်တောင် ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ အခွင့်အလမ်းနည်းပေမယ့် ဂုဏ်သိက္ခာအရ ကြိုးစားကစားသွားခဲ့ပါတယ်။ အခုပွဲကိုတော့ ဘောလုံးပရိသတ်တွေ စိတ်ဝင်တစား လာရောက်အားပေးခဲ့ကြပါတယ်။

သုဝဏ္ဏကွင်းမှာကျင်းပတဲ့ ဆောက်လုပ်ရေးနဲ့ စွမ်းအင်တို့ပွဲတွင် တစ်ဂိုးစီ သရေကျသွားပါတယ်။ ။

ဖေဖော်ဝါရီ ၁၈ ရက် ပွဲစဉ်များအပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်းဂိုး	ပေးဂိုး	အသားတင်ဂိုး	ရမှတ်
၁	စီးပွား/ကူးသန်း	၁၂	၁၀	၂	-	၂၆	၆	+ ၂၀	၃၂
၂	ဘဏ္ဍာ/အခွန်	၁၂	၈	၄	-	၂၈	၇	+ ၂၁	၂၈
၃	စွမ်းအင်	၁၁	၆	၃	၂	၁၁	၉	+ ၂	၂၁
၄	ကမ္ဘောဇ	၁၁	၆	၂	၃	၁၃	၉	+ ၄	၂၀
၅	ဆောက်လုပ်ရေး	၁၁	၅	၂	၄	၁၆	၁၇	- ၁	၁၇
၆	Air Bagan	၁၁	၅	၃	၃	၁၄	၁၁	+ ၃	၁၅
၇	သစ်တောရေးရာ	၁၁	၄	၃	၄	၁၁	၁၂	- ၁	၁၅
၈	လယ်ယာ/ဆည်မြောင်း	၁၁	၅	-	၆	၁၁	၁၉	- ၈	၁၅
၉	ပို့ဆောင်ရေး	၁၁	၃	၅	၃	၁၉	၁၅	+ ၄	၁၄
၁၀	ကာကွယ်ရေး	၁၁	၃	၃	၅	၁၅	၂၁	- ၆	၁၂
၁၁	ပြည်ထဲရေး	၁၁	၂	၃	၆	၉	၈	+ ၁	၉
၁၂	မြို့တော်စည်ပင်	၁၁	၁	၄	၆	၅	၁၀	- ၅	၇
၁၃	မြန်မာ့မီးရထား	၁၁	၁	၄	၆	၉	၁၇	- ၈	၇
၁၄	ဆက်သွယ်ရေး	၁၁	-	-	၁၁	၈	၃၀	- ၂၂	-

မှတ်ချက်။ ။ Air Bagan အသင်းမှာ (၃)မှတ်၊ (၃)ဂိုးလျှော့ ခံထားရသည်။

၂၀-၂-၂၀၀၉ရက်

သုဝဏ္ဏကွင်း
ကာကွယ်ရေးဝန်ကြီးဌာန-ကမ္ဘောဇ

အောင်ဆန်းကွင်း
မြို့တော်စည်ပင်-ဆက်သွယ်ရေး

(မြန်မာ့အလင်း)

ကျောက်ဆည် တမာလမ်း ကတ္တရာခင်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၈

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်ဆည်မြို့ ကြက်မင်းတွန်းရပ်ကွက်ရှိ တမာလမ်းအား မြေသားလမ်းအဆင့်မှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးသော်တာညီညီတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ရက်က ဈေးတန်းရပ်ကွက် ခတ္တာလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြတ်ဇော်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ချယ်လ်ဆီးကို ကျောခိုင်းထွက်ခွာမည့် ဂျွန်တယ်ရီ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ခိုင်လွင် - စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

ချယ်လ်ဆီးက တာဝန်ရှိသူတွေ တားဆီးနေပေမယ့် လာမယ့် နွေရာသီမှာ အသင်းက ထွက်ခွာတော့မယ်လို့ အင်္ဂလန်နှင့် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ထုတ်ဖော်ပြောကြားလိုက်တာမို့ ချယ်လ်ဆီးပရိသတ်တွေအပါအဝင် နည်းပြသစ် ဂူဟစ်ဒင့်လည်း အံ့သြသွားခဲ့ပါတယ်။

ကစားသမားအချင်းချင်း စည်းလုံးညီညွတ်မှု၊ နည်းပြတွေ တစ်ဦးပြီးတစ်ဦး ပြောင်းပြီး နည်းပြတစ်ဦး ပုံစံတစ်မျိုးတွေနဲ့ကစားနေရမှု၊ အသင်းရဲ့ အောင်မြင်မှုတွေဟာ မရေရာ မသေချာမှု စတဲ့ အချက်တွေကြောင့်တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ကစားရတာ စိတ်ကုန်လာတယ်လို့ ဆိုပါတယ်။

သင်္ကေတ

တယ်ရီဟာ ချယ်လ်ဆီးအသင်းရဲ့ အမှတ်သင်္ကေတတစ်ခုလို့ သတ်မှတ်ရင်တောင်ရတဲ့ အနေအထားရှိသူ တစ်ဦး

ဂျွန်တယ်ရီအနေနဲ့ ချယ်လ်ဆီးအသင်းကို ၁၉၉၈ ခုနှစ်ကတည်းက ရောက်ရှိကစားနေခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ပထမဆုံးဝင်ရောက်ကစား

ချယ်လ်ဆီးအသင်းမှာ စတင်ကစားခဲ့တဲ့ပွဲကတော့ ၁၉၉၈ခုနှစ် အောက်တိုဘာလက ပရီမီယာလိဂ် ပွဲစဉ်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့ ဗီလာတို့ရဲ့ပွဲမှာ နောက်ဆုံးပွဲချိန်ပြီးခါးနီး ပထမဆုံးဝင်ရောက်ကစားခဲ့တဲ့ပွဲစဉ်ဖြစ်ပါတယ်။ ၁၉၉၈-၉၉ ဘောလုံးရာသီမှာတော့ ချယ်လ်ဆီး အသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံး လူငယ်ဘောလုံးသမားဆုကို ရရှိခဲ့သူဖြစ်ပါတယ်။

ဦးစားပေး

ချယ်လ်ဆီးနည်းပြဟောင်း ရာနီရေးရီလက်ထက်မှာ နောက်တန်းခံစစ်မှူးနေရာကို အစားထိုးကစားစေခဲ့တဲ့ အချိန်ကစပြီး ခြေစွမ်းပြနိုင်ခဲ့တာကြောင့် နောက်ပိုင်းမှာ ပွဲအများအပြားပါဝင်ကစားခဲ့ရပြီး ပထမဦးစားပေး ဘောလုံးသမားဖြစ်လာတော့တာပါပဲ။

နောက်ပိုင်းမှာတော့ ချယ်လ်ဆီးအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်လာပြီး အသင်းရဲ့ အဓိက ကစားသမားလည်းဖြစ်လာပါတယ်။ ပွဲတိုင်းနီးပါး ခြေစွမ်းပြနိုင်ပြီး ဂိုးသွင်းနိုင်မှုလည်း အားကောင်းတဲ့ ခံစစ်မှူးကောင်းတစ်ဦး ဖြစ်လာတာမို့ အသင်းအများအပြားက ခေါ်ယူလိုတဲ့ ကစားသမားဖြစ်ပါတယ်။

အပြောင်းအရွှေ့

အသက်(၂၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျွန်တယ်ရီကို မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ပေးမယ်လို့ ပြောကြားပေမယ့် ချယ်လ်ဆီး တာဝန်ရှိသူတွေနဲ့ တယ်ရီတို့ နောက်ဆုံးအခြေအနေကို ဆွေးနွေးပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဂျွန်တယ်ရီအနေနဲ့ လာမယ့် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ဘယ်အသင်းကို ရောက်ရှိသွားမယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

(အင်တာနက်)



လန်ဒန် ဖေဖော်ဝါရီ ၁၈

ဝက်စ်ဟမ်း တိုက်စစ်မှူး ဒီးန်အက်ရှ်တွန်သည် ခြေကျင်းဝတ်ဒဏ်ရာကိုနှစ်ကြိမ်တိုင် ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ရပြီးနောက်

ဝက်စ်ဟမ်းတိုက်စစ်မှူး ဒီးန်အက်ရှ်တွန် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရာသီလက်ကျန်ပွဲများနှင့်လွဲမည်

ကွင်းခိုင်မှုပြန်လည်ပြည့်ဝစေရန် ပြန်လည်ထူထောင်ရဦးမည်ဖြစ်သဖြင့် ယခုရာသီတွင် ပါဝင်ကစားနိုင်တော့မည် မဟုတ်ဟု သတင်း၌ ဖော်ပြသည်။

ခွဲစိတ်ကုသ

အသက်၂၅နှစ်ရှိ အက်ရှ်တွန်သည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်းက လေ့ကျင့်ကွင်းဆင်းစဉ် ၎င်း၏ ဘယ်ဘက်ခြေကျင်းဝတ်ဒဏ်ရာ ရရှိခဲ့ပြီးနောက် မကြာမီ ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

အက်ရှ်တွန်သည် မကြာသေးမီက လန်ဒန်သို့ ထပ်မံသွားရောက်ကာ ခြေကျင်းဝတ်ဒဏ်ရာကို ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့သည်။

ဖွင့်ဟ

မိမိအနေဖြင့် ရာသီအစတွင် ပြန်ကစားနိုင်ရန်သာ စောင့်စားနေရကြောင်း၊ ကျန်းမာကြံ့ခိုင်မှုမပြည့်ဝဘဲ ပြန်လည်မကစားလိုကြောင်း အက်ရှ်တွန်က ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ် မန်ယူနှင့် ဆွန်ဆီးစီးတီးတို့ တွေ့ဆုံဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၈

မန်ယူအသင်းသည် အက်ဖ်အေဖလားကွာတားဖိုင်နယ်၌ ဆွန်ဆီးစီးတီး သို့မဟုတ် ဖူလ်ဟမ်နှင့်သွားရောက် ရင်ဆိုင်ရဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

လက်ခံကစား

ချယ်လ်ဆီးအသင်းသည် ဘလက်ဘန်း သို့မဟုတ် ကိုဗင်ထရီအသင်းနှင့် သွားရောက်ရင်ဆိုင်ရဖွယ်ရှိပြီး အဲဗာတန်ကမူ အိမ်ကွင်း၌ ဝက်စ်ဟမ်း သို့မဟုတ် မစ်ဒယ်ဘရော့ကို လက်ခံကစားရဖွယ်ရှိသည်။

ရင်ဆိုင်

အာဆင်နယ်နှင့် ကာဒစ်စီးတီးတို့ စတုတ္ထအဆင့်တွင် ပြန်လည်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းသည် ဘန်လေနှင့် ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်တွင် အနိုင်ရရှိသည့်အသင်းသည် ရှက်ဖီးအသင်း သို့မဟုတ် ဟူလ်စီးတီးအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ (အင်တာနက်)

ရော့တာဒမ်တွင် ကျင်းပသောတင်းနစ်ပြိုင်ပွဲ မာရေးက နာဒယ်ကိုအနိုင်ရရှိပြီး ဆုဖလားဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၁၈

ရော့တာဒမ်တွင် ကမ္ဘာ့အဆင့်(၁)ရှိ ရာဖေးလ်နာဒယ်အား မိမိအနေဖြင့် သုံးကြိမ်မြောက် အနိုင်ရရှိခဲ့ခြင်းသည် လာမည့် ကမ္ဘာ့တင်းနစ်ပြိုင်ပွဲတွင် ဆုဖလား ဆွတ်ခူးနိုင်ရန် အစပျိုးပေးလိုက်ခြင်းပင်ဖြစ်ကြောင်း ဗြိတိသျှအဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးက အခိုင်အမာ ပြောကြားသည်။

အသက်(၂၁)နှစ်ရှိ စကော့လူမျိုး မာရေးသည် နာဒယ်အား ယှဉ်ပြိုင်ချိန် ၁နာရီ၅၁မိနစ်အတွင်း ၆-၃၊၄-၆၊၆-၀ဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်း၏တင်းနစ်သမား သက်တမ်းတစ်လျှောက်တွင် (၁၀)ကြိမ်မြောက် ဆုဖလားကို ဆွတ်ခူးခဲ့သည်။

ဒူးဒဏ်ရာကြောင့် ရုန်းကန်နေရသူ နာဒယ်သည် ဒုတိယပွဲစဉ်အပြီးတွင် အဆုံးအဖြတ်ပွဲစဉ်အတွက် ထိရောက်စွာ မယှဉ်ပြိုင်နိုင်တော့ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပြောကြား

နာဒယ်၏ ခြေထောက်တွင် ဒဏ်ရာရရှိထားသည်ကို မိမိအနေဖြင့် စာနာနားလည်မိကြောင်း၊ ခြေထောက်တစ်ဖက် ဒဏ်ရာရနေသည့်ကြားမှာပင် မိမိအား အနိုင်ရရှိအောင် ကြိုးစားနေခဲ့ခြင်းက တင်းနစ်ကစားသမားကောင်းတစ်ဦး၏အရည်အချင်းကို ပြသနေဆဲပင်ဖြစ်ကြောင်း ပြိုင်ပွဲပြီးနောက် မာရေးက ပြောကြားခဲ့သည်။

ပါဝင်ယှဉ်ပြိုင်

မာရေးသည်လည်း ယခုသီတင်းပတ်များအတွင်း ဒဏ်ရာပြဿနာများကို ရင်ဆိုင်ခဲ့ရပြီး ခြေကျင်းဝတ်ဒဏ်ရာကို သက်သာပျောက်ကင်းအောင် ကုသရန်အတွက် လာမည့်သီတင်းပတ်အတွင်း မာဆေး၌ ကျင်းပမည့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည် မဟုတ်ချေ။

(အင်တာနက်)

မလေးရှားအိုးပင်းဆုဖလား ကန်ဂေါက်သီးသမား အန်ထော်နီကန်ဆွတ်ခူး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၈

မလေးရှားနိုင်ငံ ဆော်ဂျာနာတွင် ကျင်းပသော မလေးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်မှ အန်ထော်နီကန်သည် နောက်ဆုံးကျင်းတွင် တစ်ချက်လျှော့ရိုက်နိုင်ခဲ့ပြီးနောက် သတ်မှတ်ရိုက်ချက် အောက် ၁၇ ချက် လျှော့ရိုက်ကာ ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ရပ်တည်ခဲ့

ယင်းပြိုင်ပွဲတွင် အင်္ဂလန်မှ ဒေးဗစ်ဟော်ဆေးက စုစုပေါင်းရိုက်ချက် ၆၄ ချက်၊ မိုင်းလ်စ်တန်နီကလစ်က ၆၈ချက်၊ အိန္ဒိယမှ ဂျေယိုတီရန်ဒါဝါက ၆၆ချက်၊ ထိုင်းမှ ပရာယက်မတ်ခ်ဆာအင်က ၆၈ ချက်ဖြင့် အသီးသီးရပ်တည်ခဲ့ကြသည်။

ပထမဦးဆုံးဆုဖလား

ဥရောပ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ခွင့်မရသော ကန်အဖို့ အာရှတို့ ဂေါက်သီးရိုက်ပြိုင်ပွဲဆုဖလားသည် ၎င်း၏ ကစားသမားဘဝတွင် အကြီးဆုံးနှင့် ရှစ်နှစ်တာ ကာလအတွင်း ပထမဦးဆုံးသော ဆုဖလားဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

လက်ဝှေ့အကျော်အမော် ကလင်တန်ဝုဒ် ပြိုင်ဘက် မူရီကီအား အနိုင်ရရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၈

လက်ဝှေ့ကျော် ကလင်တန်ဝုဒ်သည် အယ်လ်ဗီရိုမူရီကီအား အနိုင်ရရှိပြီးနောက် ၎င်း၏ ကမ္ဘာ့လိုက်ဟဲဗီးဝိတ် သရဖူကို ပြန်လည်ရယူနိုင်ရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ပြီးခဲ့သည့်နှစ် ဧပြီလက အန်တိုနီယိုတာဗာအား ရှုံးနိမ့်ခဲ့သူဝုဒ်သည် မူရီကီအား အနိုင်မထိုးသတ်နိုင်ပါက လက်ဝှေ့လောကမှ အနားယူမည်ဟု ထုတ်ဖော်ပြောကြားခဲ့သူဖြစ်သည်။

အနီးကပ်တိုက်ကွက်

ကိုဆိုဗိုဒေသသား မူရီကီအား အနိုင်ရရှိခဲ့သူ အသက်(၃၆)နှစ်ရှိ ဝုဒ်သည် ပွဲစဉ်တစ်လျှောက်လုံး ၎င်း၏ အင်အားပြင်းလက်သီးများနှင့် အနီးကပ် တိုက်ကွက်များကို အသုံးပြုခဲ့သည်။

အသက်(၂၉)နှစ်ရှိ မူရီကီသည် ယင်းပွဲစဉ်တွင် ကောင်းစွာထိုးသတ်နိုင်ခဲ့သော်

လည်း ဒိုင်လူကြီးများ၏ ဆုံးဖြတ်မှုကြောင့် ၁၁၇-၁၁၁၊၁၁၉-၁၁၀၊၁၁၇-၁၁၁ ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်မန်ယူနှင့် အင်တာတို့ပွဲတွင် ရွန်နေ ပါဝင်ကစားနိုင်မည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

ခြေထောက်ဒဏ်ရာရရှိပြီး ပွဲစဉ်အချို့၌ ပါဝင်မကစားနိုင်သော မန်ယူတိုက်စစ်မှူး ရွန်နေသည် ဒဏ်ရာသက်သာလာသဖြင့် ဖေဖော်ဝါရီ ၂၄ရက်၌ ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် အင်တာမီလန်နှင့်ပွဲတွင် ပါဝင် ကစားနိုင်တော့မည်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

လေ့ကျင့်

ပြီးခဲ့သည့်လက ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဝီဂန်နှင့် မန်ယူတို့ကစားခဲ့သည့် ပွဲ၌ ရွန်နေ တံကောက်ကြော ဒဏ်ရာရရှိခဲ့သည်။ လောလောဆယ်တွင် ပြန်လည်ကစားရန် စိတ်အားထက်သန်နေသော ရွန်နေအနေဖြင့် ကြံ့ခိုင်မှုပြည့်ဝရန် လေ့ကျင့်လျက်ရှိသည်။

ကြံ့ခိုင်မှုအပြည့်

မန်ယူအသင်း၏ အရေးကြီးသော ပွဲစဉ်များတွင် ဂိုးသွင်းယူပေးလေ့ရှိသည့် ရွန်နေသည် အင်တာမီလန်နှင့်ပွဲ၌ ကြံ့ခိုင်မှု အပြည့်နှင့် ပါဝင်ကစားမည်ဖြစ်ကြောင်း၊ ရွန်နေအနေဖြင့် အင်တာမီလန်နှင့်ပွဲကို ပါဝင်ကစားရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

စိတ်အားသန်

လာမည့် ဖေဖော်ဝါရီ ၂၁ရက်၌ ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဘလက်ဘန်းနှင့်ပွဲတွင် ရွန်နေ ပါဝင် ကစားရန် ဖာဂူဆန် ချိန်ဆလျက်ရှိသည်။

(အင်တာနက်)

အက်ဖ်အေဖလား ပဥ္စမအဆင့်ပြိုင်ပွဲ မန်ယူနှင့် အဲဗာတန်တို့အနိုင်ရပြီး ကွာတားဖိုင်နယ်တက်

လန်ဒန် ဖေဖော်ဝါရီ ၁၈

အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ရက်ညက ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူနှင့် အဲဗာတန်တို့ အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။

ပွဲထုတ်

မန်ယူအသင်းသည် အမာခံကစားသမားများဖြစ်သည့် ဖာဒီနန်၊ အီဗရာ၊ ဖလက်ချာ၊ နာနီ၊ ဂစ်၊ စီရိုနယ်ဒိုတို့ကို ပွဲထုတ်ကာ အရန်ကစားသမားအချို့ကို ပါဝင်ယှဉ်ပြိုင်စေခဲ့သည်။

ဒါဘီအသင်းကမူ လူစုံနီးပါး ပွဲထုတ်ခဲ့သည်။ မန်ယူတို့ ဒါဘီအသင်းအား တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် နာနီ၊ ၄၄မိနစ်တွင် ဂစ်ဘ်ဆင်၊ ၄၈မိနစ်တွင် စီရိုနယ်ဒို၊ ပွဲချိန် ၈၁မိနစ်တွင် ဝဲလ်ဘက်ခ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ပွဲချိန် ၅၆မိနစ်တွင် ဒါဘီအသင်းမှ အဒစ်ဆင်က ချေပဂိုး သွင်းယူခဲ့သဖြင့် မန်ယူတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

အနိုင်ဂိုး

အဲဗာတန်နှင့် အက်စတွန်ဗီလာတို့ပွဲတွင် အဲဗာတန်အသင်းအတွက် အနိုင်ဂိုးများကို လေးမိနစ်တွင် ရှော့ဒ်ဝဲလ်က တစ်ဂိုး၊ ၂၄မိနစ်တွင် အာတီတာက ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုး၊ ၇၆မိနစ်တွင် တင်ကာဟေးလ်က တစ်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၄၄မိနစ်၌ ဂျိမ်းစ်မီလာက ပယ်နယ်တီမှတစ်ဆင့် အက်စတွန်ဗီလာအတွက် ချေပဂိုး သွင်းယူခဲ့သဖြင့် အဲဗာတန်တို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲရလဒ်များ

ဆွန်ဆီးစီးတီး	၁ - ၁	**ဖူလ်ဟမ်**
ဘလက်ဘန်း	၂ - ၂	**ကိုဗင်ထရီစီးတီး**
ရှက်ဖီးလ်	၁ - ၁	**ဟူးလ်စီးတီး**
ဝက်စ်ဟမ်း	၁ - ၁	**မစ်ဒယ်ဘရော့**
ချယ်လ်ဆီး	၃ - ၁	**ဝက်ဖို့ဒ်**

(အင်တာနက်)

အင်တာမီလန်က အေစီမီလန်ကို အနိုင်ရ စီးရီးအေဖလားအတွက် မျှော်မှန်းချက်ပိုခိုင်မာလာ

မီလန် ဖေဖော်ဝါရီ ၁၈

စီးရီးအေပွဲစဉ်များကို ဖေဖော်ဝါရီ ၁၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် အေစီမီလန်တို့ပွဲတွင် အင်တာမီလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

သရေပွဲ

အင်တာမီလန်သည် ၁၄ပွဲ ကစားပြီးချိန်တွင် အေစီမီလန်ထက် ၁၁မှတ် သာကာ ထိပ်ဆုံး၌ ရပ်တည်နေပြီး အေစီမီလန်က တတိယနေရာ၌ရပ်တည်နေသည်။ အင်တာမီလန်သည် ယခုပွဲအနိုင်ရရှိသဖြင့် စီးရီးအေဖလား ရရှိရေးအတွက် မျှော်မှန်းချက် ပိုမိုခိုင်မာသွားသည်။ ဂျူဗင်းတပ်စ်နှင့် ဆမ်ဒိုးရီးယားတို့ပွဲတွင်မူ တစ်ဂိုးစီ သရေပွဲ ဖြစ်သွားခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ကမာရွတ်မြို့နယ် အဆင့်မြင့်အိမ်ရာစီမံကိန်း အဆင့်(၆) ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၃၇)အား တရားဝင်အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သန်းရွှေ ၁၂/မဘန(နိုင်)၀၅၅၁၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါနေအိမ်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှထွန်း (B.A,R.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၂၀၀)
အမှတ်-၉/၁၁၊ ၃၆လမ်းတို၊ အခန်း(F)၊ ပထမထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ဘားအံ၌ ကျင်းပ စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်

ဘားအံ ဖေဖော်ဝါရီ ၁၂

ဆဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ကျန်းမာရေးဦးစီးဌာန စည်းဝေးပွဲခန်းမ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ယခုနှစ် ဆောင်ပုဒ်ဖြစ်သော ကိုယ်အင်္ဂါ ချို့ယွင်းမှုကာကွယ်ရေး စောစွာမနေး ကုသပေး အကြောင်းကို ရှင်းလင်းမှာကြားသည်။

ဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၏ မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာငွေးနောင်ကဖတ်ကြားပြီး တက်ရောက်လာကြသူများက အနာကြီးရောဂါနှင့် ပတ်သက်၍ စိတ်ဝင်စားစွာ ပါဝင်ဆွေးနွေးကြသည်။

ချီးမြှင့်

ယင်းနောက် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသူကလေးများအား ပြည်နယ်ဥက္ကဋ္ဌက ဆုများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တက်ရောက်လာကြသူများက အနာကြီးရောဂါကင်းဝေးရေး ပညာပေးပြခန်းကို လိုက်လံကြည့်ရှုကြသည်။ (၀၀၈)

ဇန်နဝါရီ ၃ရက်က ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော စော်ဘွားကြီးလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်နှင့် ရပ်မိရပ်ဖ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၁၁ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူဈေးသားများ၊ အဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့မှူး ဦးကျော်နိုင်လင်းနှင့် အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်နှင့် ရေဒီယိုများ လှူဒါန်း

တိုက်ကြီး ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များနှင့် ရေဒီယိုများ ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ**(အောက်ပုံ)**နှင့် အတွင်းရေးမှူး ဒေါ်သီတာစမ်းတို့က ရေဒီယို၁၀လုံးကို သက်ဆိုင်ရာကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာအုပ်စာစောင် ၄၃၀၇ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာများ၏ကိုယ်စား ဥတိုကျေးရွာဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြကန်သာဥယျာဉ် သာယာလှပရေးဆောင်ရွက်

ပခုက္ကူ ဖေဖော်ဝါရီ ၃

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အတူ ဒီဇင်ဘာ ၁၄ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသည့် မြကန်သာ အပန်းဖြေဥယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဆောင်ရွက်ထားရှိမှုများကို လိုက်လံပြသရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းက ကြီးမှူးဖွင့်လှစ်သော လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဆရာဝန် ဒေါက်တာယဉ်ယဉ်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးမှူး ဒေါ်ဇင်မာဦး၊ ရပ်မိရပ်ဖများ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူးဦးမန်းကြည်ရွှင်တို့က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)** သင်တန်းမှာ ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိဖြစ်ပြီး သင်တန်းသား ၁၅ဦး၊ သင်တန်းသူ ၁၅ဦး တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို မြို့နယ်အတွင်း သတ်မှတ်ထားသော ကျေးရွာအုပ်စု ငါးရွာတို့တွင် ဆက်လက်၍ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၄၉)

မြေပုံမြို့နယ်စည်ပင် မြေယာရှင်းအလှ ပြုပြင်ဆောင်ရွက်

မြေပုံ ဖေဖော်ဝါရီ ၂

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးလုပ်ငန်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသည့် မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှင်းအလှ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် သွားရောက်မည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General Anupong Paojinda** အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

ကြိုဆို

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော် ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ *စာမျက်နှာ ၉ ကော်လံ ၁* ■

သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေ၊ မြေ ရာသီဥတုအခြေအနေကောင်းများရှိသော နိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရာတွင် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်းများ တိုးတက်ရရှိရေး၊ သီးနှံစိုက်စွမ်းအားများ တိုးတက်မြင့်မားလာရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးရေး စသည့်လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

အထွက်နှုန်း

စိုက်ပျိုးရေးလုပ်ငန်းများတွင် တောင်သူများ၏ စီးပွားရေးတိုးတက်မြင့်မားစေရန် အထွက်နှုန်းကောင်းပြီး အရည်အသွေးမြင့်မားသော ဈေးကွက်ဝင်သည့် သီးနှံသစ်များ ပြောင်းလဲပေးနိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ ခေအင်အားအပေါ်မူတည်ပြီး *စာမျက်နှာ ၈ ကော်လံ ၄* ●